မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၉၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျူးဘားနိုင်ငံသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၀၇ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကျူးဘားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဖီဒယ်လ် ကတ်စ် ထရိုရုဇ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နေပြည်တော် သာယာ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ခေတ်မီနိုင်ငံတော်ဖြစ်ပေါ်လာအောင် အလုပ်အကျွေးပြု

တိုင်းရင်းသား လူမျိုး အားလုံးဟာ စည်းလုံး ညီညွတ်စွာဖြင့် နိုင်ငံတော်ကို တည်ဆောက်ရမယ်၊ ထူထောင်ရမယ်၊ ဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီနိုင်ငံတော် အမြန်ဖြစ်ပေါ်လာအောင် မိမိတို့နှင့်ဆိုင်တဲ့ ကဏ္ဍက အကောင်းဆုံး အလုပ်အကျွေးပြုရမှာဖြစ်တယ်၊ တစ်ချိန်တည်းမှာပင် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာပိုင် လွတ်လပ်ရေး ပိုင်နက် မြေ၊ ပိုင်နက် ရေ၊ ပိုင်နက် လေကို ကျူးကျော် မခံရအောင် ခိုင်ခိုင်မြဲမြဲလက်တွဲပြီး ကာကွယ်စောင့်ရှောက်ကြရမှာ ဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း
အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်း သြဝါဒအမှာစကားမှ–

တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ နိုင်ငံနှင့်လူမျိုးတိုးတက်ကြီးပွားရေး ဆောင်ရွက်တီထွင်ဖန်တီးနိုင်မှုနှင့် လေ့လာဆန်းစစ်မှုစွမ်းအားများ ဖွံ့ဖြိုးတိုးတက်အောင်ပျိုးထောင် လှူဒါန်းအဖွဲ့အစည်းတွင် ဝင်ဆံ့ပြီး အကျိုးပြုနိုင်အောင် လေ့ကျင့်သင်ကြား

နေပြည်တော် ဒီဇင်ဘာ ၃၁

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၉ရက် မွန်းလွဲ၂နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဝင်းစိန်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ■

နယ်ချဲ့ ပရိယာယ် အစဉ် သတိပြု ကာကွယ်

မြန်မာ့အလင်း (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို

❒ လူမျိုးခြား အုပ်ချုပ်မှုအောက်မှ လွတ်မြောက်ခြင်းသည် လွတ်လပ်ရေးမည်၏။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်ဥပဒေနှင့်ကိုယ် လွတ်လပ်စွာ အုပ်ချုပ်ရေးရရှိခြင်းသည် လွတ်လပ်ရေးမည်၏။ နိုင်ငံသားများအနေဖြင့် ကိုယ့်လူမျိုး ကိုယ့်အစိုးရ အုပ်ချုပ်မှုအောက်မှာ ဥပဒေဘောင်အတွင်း လွတ်လပ်စွာ လှုပ်ရှားနိုင်ခြင်းသည် လွတ်လပ်ရေးမည်၏။ ထို့ကြောင့် လွတ်လပ်ရေး၏ အဓိပ္ပာယ်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့၌ တိုင်းတစ်ပါးလူမျိုးခြားသြဇာရိပ်မှ လွတ်လပ်ခြင်းဖြစ်၏။

ရတနာစည်ဆရာတော်(လှိုင်လင်)၏ လွတ်လပ်ရေး၏အဓိပ္ပာယ် ဆောင်းပါး (စာ–၄ နှင့် ၅)

❒ သမိုင်းထဲမှ သူရဲကောင်း — ကေတုနီလာ၏ ကဗျာ (စာ–၅)

❒ လွတ်လပ်ရေးကို ထိပါးစေနိုင်တဲ့ အကြောင်းခြင်းရာဟူသမျှ ဖယ်ရှားတွန်းလှန်ကြ — မင်းထက်၏ ကာတွန်း (စာ–၅)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)

နှစ်သစ်တွင် အားကြိုးမာန်တက် ကြိုးပမ်းစွမ်းဆောင်

ယနေ့သည် နှစ်ဟောင်းကုန်ဆုံး၍ ၂၀၀၇ခုနှစ် နှစ်သစ်သို့ ကူးပြောင်းရောက်ရှိလာသည့် မင်္ဂလာရှိသော နှစ်သစ်ဦးဖြစ်သည်။

ဤသို့သော နှစ်သစ်သမယတွင် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ ရောက်ရှိရေး တက်ညီလက်ညီ ဆက်လက် ချီတက်ကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် လယ်ယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်ရင်း စက်မှုကဏ္ဍကိုလည်း တစ်ပြိုင်တည်း တိုးတက်လာအောင် ကြိုးပမ်းဖော်ဆောင်လျက် ရှိသည်။

ထို့အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျလှသည့် ရေအားလျှပ်စစ် ထုတ်လုပ်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ရေး လုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်များကို အလေးထားကာ ကိုယ့်အားကိုယ်ကိုးပြီး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဦးစားပေးတည်ဆောက်ခဲ့သဖြင့် နယ်ပယ်ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များ ရရှိနေပြီဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုစွမ်းအားစုများကို အခြေပြုပြီး တစ်မျိုးသားလုံး၏ စိတ်ဓာတ်၊ ရည်မှန်းချက်နှင့် စုစည်းညီညွတ်သည့်စွမ်းအားတို့ ပေါင်းစုကာ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ဦးဆောင်မှုဖြင့် ကဏ္ဍအသီးသီး၌ ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ရရှိဖြစ်ထွန်းနေသည့် အခြေခံကောင်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရန် ၂၀၀၇ခုနှစ် နှစ်သစ်အချိန်အခါမှစ၍ ကြိုးပမ်းစွမ်းဆောင်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆားဘီးယား၌ ပထမဆုံးသရီးဂျီ မိုဘိုင်းလ်ဖုန်းကွန်ရက်ဖွင့် ခေတ်မီဖုန်းများရောင်းချခြင်းဖြင့် စီးပွားရေးတောင့်တင်းရန်ရည်ရွယ်

ဘဲလ်ဂရိတ် ဒီဇင်ဘာ ၃၁

ဆားဘီးယားနိုင်ငံ၏ ပထမဆုံး သရီးဂျီမိုဘိုင်းလ်ဖုန်းကွန်ရက်ကို ဒီဇင်ဘာ ၂၆ ရက်က ဖွင့်လှစ်ခဲ့သည်။ ယင်းကဲ့သို့ သရီးဂျီမိုဘိုင်းလ်ဖုန်းကွန်ရက်ကို ဖွင့်လှစ်ခဲ့ခြင်းသည် အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်မည့်အပြင် ထုတ်ကုန်ပစ္စည်းအသစ်များလည်း ရောင်းချနိုင်ရန်ရည်ရွယ်ကြောင်း ဖွင့်ပွဲအခမ်းအနားတွင် ဆားဘီးယားဝန်ကြီးချုပ် ဗိုဂျီဆလပ်ဗ်ကို့စ် တူနီကာက ပြောကြားသည်။

ဆားဘီးယားနိုင်ငံ၏ ပထမဆုံး ရည်မှန်းချက်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် စီးပွားရေးခိုင်မာ တောင့်တင်းလျှင် တောင့်တင်းခိုင်မာသော နိုင်ငံတစ်နိုင်ငံဖြစ်လာကြောင်း ဆားဘီးယားဝန်ကြီးချုပ်က ပြောကြားသည်။

ထို့ကြောင့် နောက်ဆုံးပေါ် သရီးဂျီမိုဘိုင်းလ်ဖုန်း ကွန်ရက်ကို ဖွင့်လှစ်ပေးခြင်းသည် ဖုန်းသစ်များချိုသာသော ဈေးနှုန်းဖြင့် များများတပ်ဆင်အသုံးပြု၍ စီးပွားရေးခိုင်မာအောင် ဆောင်ရွက်ခြင်းဖြစ် ကြောင်း ၎င်းက ပြောကြားသည်။

ယင်း သရီးဂျီကွန်ရက်သည် အင်တာနက်ကို လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်ခြင်း၊ ရုပ်မြင်သံကြားကြည့်ရှုနိုင်ခြင်း၊ တေးသီချင်းနားဆင်နိုင်ခြင်း၊ ဗီဒီယိုနှင့်ရုပ်ရှင်ဇာတ်ကားများ ကြည့်ရှုနိုင်ခြင်းများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အကျယ်အဝန်းစတုရန်းမီတာ ၅၀၀၀၀ရှိ ဆိုဖီယာလေဆိပ်အဆောက်အအုံသစ် ဖွင့်လှစ်

ဆိုဖီယာ ဒီဇင်ဘာ ၃၁

အချိန်ကြာမြင့်စွာ တည်ဆောက်နေသည့် ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာလေဆိပ်၏ ဒုတိယ အဆောက်အအုံတစ်ခုကို ဒီဇင်ဘာ ၂၇ရက်က တရားဝင်ဖွင့်လှစ်ပေးလိုက်ပြီ ဖြစ်သည်။ ထိုသို့ တရားဝင်ဖွင့်လှစ်ပေးလိုက်သော်လည်း အချို့လုပ်ငန်းများ အပြီးမသတ်သေးဘဲ ဆက်လက်ဆောက်လုပ်နေဆဲပင် ဖြစ်ကြောင်း သိရသည်။

ကုန်ကျ

စတုရန်းမီတာ ၅၀၀၀၀ကျယ်သော အဆိုပါလေဆိပ်အဆောက်အအုံကို ဩစတြီးယားနှင့် ဘူလ်ဂေးရီးယားဆောက်လုပ်ရေးကန်ထရိုက်တာများက ၂၂လ ခန့်ကြာတည်ဆောက်ခဲ့ရပြီး ကုန်ကျငွေမှာ ယူရိုငွေ၁၁သန်းရှိသည်။

တင်ပို့

အဆိုပါလေဆိပ်အဆောက်အုံသစ်သည် ခရီးသည် နှစ်စဉ် ၂ဒသမ ၆သန်း ဝင်ထွက်သွားလာနိုင်ပြီး နှစ်စဉ်ကုန်တန်ချိန် ၂၆၀၀၀ကို တင်ပို့ပေးနိုင်ကြောင်း သိရသည်။ ထို့အပြင် ခရီးသည် ၁၅၀၀ နှင့်၂၀၀၀ အကြား သွားလာ နားနေနိုင်သည်။

ရပ်နားနိုင်

ထိုလေဆိပ်အဆောက်အအုံသစ်တွင် စစ်ဆေးရေးဂိတ် ၃၈ ခုရှိပြီး ပတ်စ်ပို့စစ်ဆေးရေးဂိတ် ၃၂ ခုရှိသည်။ ထိုအပြင် မော်တော်ယာဉ်အစီး ၈၂၀ ရပ်နားနိုင်သော ယာဉ်ရပ်နားစခန်းပါရှိပြီး ခရီးသည် အဝင်ဂိတ်နှင့် အထွက်ဂိတ် ၁၀ ဂိတ်စီ ပါရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၁-၁-၂၀၀၇

(တနင်္လာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	နေ့စဉ်သုံးတရားတော် (သီတဂူဆရာတော်)
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	ပြည်တွင်းအနုပညာရေးရာ
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	ငြိမ့်ညောင်းသာယာရှုမဝ မြန်မာ့ဂီတ မြန်မာ့အက
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (စိတ်ရောဂါဝေဒနာဆိုင်ရာ ပြဿနာများ)
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	ပြည်တွင်းသတင်းအကျဉ်း
၉:၅၅	ရေလယ်ပေါ်ထွန်း ကျိုက်မှော်ဝန်း တင့်ရှန်းသပ္ပာယ်ကြည်ညိုဖွယ်
၁၀:၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၄၀	လမ်းပြကြယ်များ
၁၁:၀၀	မိုးလေဝသခန့်မှန်းချက်
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၁:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၅	ဇီဝလောင်စာဆီအတွက် အားထားရမည့် ကြက်ဆူကြိတ်စက်များ
၁၁:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅	Language Lab (ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း)
၁၂:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀	စပျစ်ချိုချို ဝိုင်ချိုချို
၁:၀၀	MRTV-4 အပိတ် Logo၊

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ၁နာရီမှ ည ၇:၀၀ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports (Live)
၇:၁၀	Liverpool-Bolton	5-Sports(Live)
၉:၂၅	Reading-West Ham	5-Series(Live)
	Portsmouth-Tottenham	5-Sports(Live)
	Wigan-Blackburn	5-Cartoon(Live)
၁၁:၃၀	Man City-Everton	5-Sports(SDD)
၁၁:၄၀	Newcastle-Man Utd	5-Series(Live)

မြဝတီရုပ်မြင်သံကြား

၁-၁-၂၀၀၇

(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၄။	ကြည်နူးနားဆင်ပြုံးပျော်ရွှင်
၄:၃၀	၅။	ရင်မှာစွဲလန်းတော်ဝင်ပန်း
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၅:၁၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၅)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မေးမြန်းစူးစမ်း
	၁၈။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၉။	English Premier League ဘောလုံးပွဲ Portsmouth Vs Tottenham Hotspur (Live)

ကျူးဘားသမ္မတတွင် ကင်ဆာဖြစ်ပွားခြင်းမရှိ စပိန်ဆရာဝန်ပြောကြား

မက်ဒရစ် ဒီဇင်ဘာ ၃၁

ကျူးဘားခေါင်းဆောင် ဖီဒယ်ကက်စထရိုသည် ကင်ဆာရောဂါဝေဒနာ ခံစားနေရသူမဟုတ်ကြောင်း ၎င်းအားကုသပေးခဲ့သည့် စပိန်ဆရာဝန် ဂျို့စ်ကားလို့စ်ဂါစီယာဆာဘရီဒိုက ဒီဇင်ဘာ ၂၆ ရက်၌ ပြောကြားသည်။

ဂါစီယာသည် ကျူးဘားအစိုးရ၏ ပင့်ဖိတ်ချက်အရ ကက်စထရိုအား ခေတ်မီကိရိယာများ တပ်ဆင်၍ကာလကြာရှည်စွာ စစ်ဆေးပေးခဲ့သူဖြစ်သည်။

အဆိုပါ ကျူးဘားသမ္မတသည် ခွဲစိတ်မှုအသစ်ခံယူစရာမလိုအပ်ကြောင်း ရုပ်ပိုင်းဆိုင်ရာကုသမှုနှင့် ဆရာဝန်ညွှန်ကြားသည့် အစားအစာ စားသောက်ရန်နှင့် ကောင်းကောင်း အနားယူရန်သာလိုကြောင်း ၎င်းဆရာဝန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

■ **ရှေ့ဖုံးမှ**

အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်ဦးအောင်ဆန်းဝင်း၊ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့်ဌာနမှူးများ၊ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ အခြေခံပညာ ဆရာဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ဖြစ်ထွန်းမှုများသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍအားလုံးကို လွှမ်းမိုးပိုင်းဖြတ်လျက်ရှိသည့်အတွက် ယနေ့ပညာရေးကဏ္ဍ၏တာဝန်ဝတ္တရားများသည် ကျောင်းသူကျောင်းသားများကို စာပေပညာ သင်ကြားပေးရန်သာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို ကြိုတင်ပြင်ဆင် တည်ဆောက်ပေးရန်ပါ တာဝန်ရှိလာပြီဖြစ်ကြောင်း။

ပိုမိုကျယ်ပြန့်

ဤအချိန်အခါမျိုးတွင် ပညာရေးကဏ္ဍ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများသည်လည်း ပိုမိုကျယ်ဝန်းနက်ရှိုင်း ကျယ်ပြန့်လာပြီ ဖြစ်သည့်အတွက် ဆရာ ဆရာမများအားလုံးက မိမိတို့၏တပည့်ကျောင်းသူကျောင်းသားလူငယ်များ၏ဘဝရှေ့ရေးအောင်မြင်တိုးတက်ရေးအတွက်သာမက တစ်မျိုးသားလုံး၏ပညာရည်မြင့်မားမှုနှင့် တကွနိုင်ငံနှင့်လူမျိုး၏ တိုးတက်ကြီးပွားရေးအတွက်ပါ ပညာရေးကဏ္ဍကနေ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုအပ်သည်ဟု ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံပညာကဏ္ဍ၏ သင်ရိုးညွှန်းတမ်းများ၊ သင်နည်းစနစ်များ၊ တတ်မြောက်မှုအကဲဖြတ်စနစ်များကို အရည်အသွေးမြှင့်တင်ပေးခဲ့ပြီးဖြစ်သကဲ့သို့ အဆင့်မြင့် သင်ယူမှုနည်းစနစ်များ ကျွမ်းဝင်တတ်မြောက်စေရန် သတင်းနှင့် ဆက်သွယ်ရေး နည်းပညာ အခြေခံသည့် Multimedia စာသင်ခန်းများ၊ သိပ္ပံလက်တွေ့ခန်းများကိုပါ တည်ထောင်ပေးလျက်ရှိကြောင်း။

စည်းရုံးလေ့ကျင့်

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် ဤအခြေခံကောင်းများကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးပြုပြီး ကျောင်းသူ ကျောင်းသားလူငယ်များကို အမှန်တကယ် တတ်ကျွမ်းအောင်၊ အဆင့်မြင့်ပညာ ကဏ္ဍတွင် အဆင့်အတန်းမိမိ ချိတ်ဆက်ကူးပြောင်း သင်ယူနိုင်အောင် အခြေခံကစပြီး သင်ကြားလေ့ကျင့်ပေးနိုင်ရန်လိုကြောင်း၊ အထူးသဖြင့် လေ့လာသင်ယူလိုစိတ်၊ သိလိုတတ်လိုစိတ်ကို နှိုးဆွပေးပြီး စည်းရုံးလေ့ကျင့်ပေးနိုင်ရမည် ဖြစ်ကြောင်း။

ယနေ့နိုင်ငံတကာတွင်**"ဆရာ"**၏ တာဝန်ဝတ္တရားများသည် ကျောင်းသူကျောင်းသားလူငယ်များကို စာပေပညာ သင်ကြားပေးရုံသက်သက်မျှသာမဟုတ်တော့ဘဲ မိမိတို့၏တပည့် ကျောင်းသူကျောင်းသားများ၏ ဘဝရှေ့ရေးတိုးတက်မှုအတွက် လမ်းမှန်ကို ရွေးချယ်နိုင်အောင် ညွှန်ပြနိုင်မှု၊ နည်းပညာအရ၊ ဆရာအတတ်ပညာအရ ပံ့ပိုးဖေးမပေးနိုင်မှုတို့နှင့် ပြည့်စုံရမည်ဟု ခံယူလာကြပြီးဖြစ်ကြောင်း။

ခံယူကျင့်သုံး

အမှန်တကယ်အားဖြင့် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများအရ တပည့်များကို မိမိတတ်ကျွမ်းသမျှ ပညာဝေမျှ သင်ကြားပေးရန်၊ လိမ္မာယဉ်ကျေးအောင် သွန်သင်ဆုံးမပေးရန်၊ လမ်းမှန်ညွှန်ပြပေးရန်ဆိုသည်တို့သည် ဆရာ့ကျင့်ဝတ်၊ ဆရာ့ဝတ္တရားများပင်ဖြစ်သည်ဟု ရှေးအစဉ်အဆက်ကပင် ခံယူကျင့်သုံးလာခဲ့ကြသည်ဖြစ်ကြောင်း။

ကျောင်းသူ ကျောင်းသားလူငယ်များကို ယဉ်ကျေးသိမ်မွေ့အောင်၊ ကိုယ်ကျင့်တရားမြင့်မားအောင်၊ အကျင့်စာရိတ္တခိုင်ခံ့အောင်၊ လူ့ဘောင်အဖွဲ့အစည်းတွင်ဝင်ဆံ့ပြီး အကျိုးပြုနိုင်အောင် လေ့ကျင့်သင်ကြားပေးရန်ဆိုသည်တို့သည် အလွန်အဆင့်မြင့်မားပြီး ယနေ့တိုင်ခေတ်မီနေသည့် မြန်မာ့ရိုးရာ ပညာရေးအယူအဆများပင်ဖြစ်ကြောင်း၊ ယနေ့ပညာရေးလောကတွင် အလေးထားဖော်ဆောင်နေသောဘက်စုံပညာရေးစနစ်သည်လည်း မြန်မာ့ရိုးရာ ပညာရေး ရည်မှန်းချက် တစ်ခုဖြစ်သည့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရေးဆိုသည့် အယူအဆနှင့် ညီညွတ်လှသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်း တစ်ရပ်ဖြစ်သည့် ဆရာ့ကျင့်ဝတ်ဝတ္တရားများနှင့် ခေတ်မီဆရာအတတ်ပညာရပ်များ ပေါင်းစပ်ပြီး မိမိတို့၏ တပည့်ကျောင်းသူကျောင်းသား လူငယ်များကို စာပေပညာ ကျွမ်းကျင်တတ်မြောက်အောင်သင်ကြားပေးရင်း တွေးခေါ်မြော်မြင်စဉ်းစားချင့်ချိန်နိုင်သည့် အသိဉာဏ်ပညာ တိုးတက်ဖြစ်ထွန်းအောင်၊ တီထွင်ဖန်တီးနိုင်မှု စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှု အရည်အသွေး၊ လေ့လာဆန်းစစ်နိုင်မှု စွမ်းအားတို့ ဖွံ့ဖြိုးတိုးတက်လာစေရအောင်၊ အသိအမြင်ဗဟုသုတ ပြည့်စုံကြွယ်ဝစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

တစ်ဖက်မှာလည်း ကျောင်းသူကျောင်းသား လူငယ်များကို ကျန်းမာရေးအသိနှင့် ပြည့်စုံစေရအောင်၊ အကျင့်စာရိတ္တနှင့် ကိုယ့်ကျင့်တရား ခိုင်ခံ့စေရအောင်၊ လူမှုတာဝန် ကျေပွန်သော၊ လူမှုဝတ္တရားစောင့်ထိန်းသော လူငယ်များဖြစ်လာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမည် ဖြစ်ကြောင်း။

ဖွံ့ဖြိုးခိုင်မာ

အထူးသဖြင့်လူ့ဘောင်အဖွဲ့အစည်းအပေါ် တာဝန်ကျေပွန်သည့် စိတ်ဓာတ်၊ မိမိပါဝင်သည့် လူ့ဘောင်အဖွဲ့အစည်းကို ချစ်ခင်မြတ်နိုးသည့် စိတ်ဓာတ်၊ မိမိ၏ လူမှုပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်တို့ကို စောင့်ရှောက်တတ်သည့် စိတ်ဓာတ်တို့ကို ငယ်စဉ်ကပင် မွေးမြူပေးလိုက်ကြရန် လိုကြောင်း၊ ဤမှတစ်ဆင့် တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို တစ်ပါတည်း ဖွံ့ဖြိုးခိုင်မာလာစေရမည် ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ဆုများချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသားစံပြဆုရ မန္တလေးတိုင်း မတ္တရာမြို့နယ် နတ်ကြီးစဉ် အမှတ်(၁၁၉)အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းပြဦးမင်းဇော်(ကသအမှတ် အီး-၁၄၂)နှင့် သင်တန်းသူ စံပြဆုရ မန္တလေးတိုင်း ညောင်ဦးမြို့နယ် လက်ဝဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ မူလတန်းပြ ဒေါ်မိုးချယ်ရီ (ကသအမှတ် စီ-၈၀)တို့အားလည်းကောင်း၊ သင်တန်းသားဖွဲ့လုံ့လဆုရ မကွေးတိုင်း အောင်လံမြို့နယ် စမ်းချောင်း အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ် ဦးခင်မောင်နီ (ကသအမှတ် အီး-၄၆)၊ သင်တန်းသူ ဖွဲ့လုံ့လဆုရ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်းမှ အလယ်တန်းပြ ဒေါ်မြကြွယ် (ကသအမှတ် စီ-၁၈၄)နှင့် မကွေးတိုင်း ချောက်မြို့နယ် ပျဉ်းမ အမှတ်(၅) အခြေခံပညာ မူလတန်းလွန်ကျောင်းမှ အလယ်တန်းပြဒေါ်တိုးတိုးဝေ (ကသအမှတ် ဒီ-၁၅၆)တို့အား လည်းကောင်း၊ သင်တန်းသားစံပြ အဆောင်ဆုရ အမျိုးသား အမှတ်(၁)တပ်ခွဲ အဆောင်(၃)နှင့် သင်တန်းသူ စံပြအဆောင်ဆုရ အမျိုးသမီးအမှတ်(၄)တပ်ခွဲ အဆောင်(၁)တို့အားလည်းကောင်း ဆုများ အသီးသီး ပေးအပ် ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသား သင်တန်းသူ ခေါင်းဆောင်များအား ပေးအပ်သည်။ ယခုသင်တန်းတွင်သင်တန်းသား၂၀၃ဦး၊ သင်တန်းသူ၈၁ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ အခြေခံပညာ ဆရာ ဆရာမ ၁၀၁၄ဦး တက်ရောက်အောင်မြင်ခဲ့သည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းထံ သင်တန်းသား သင်တန်းသူ ခေါင်းဆောင်များက သင်တန်းသား သင်တန်းသူများလှူဒါန်းသော လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအတွက်လှူဒါန်းငွေ၊ စွယ်တော်မြတ်စေတီတော် (မန္တလေး) အတွက် လှူဒါန်းငွေ၊ ပုဂံရှေးဟောင်း ဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန် လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက်လှူဒါန်းငွေ၊ အမျိုးသားညီလာခံကို ကြိုဆိုဂုဏ်ပြု လှူဒါန်းငွေနှင့် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲအတွက် လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းကြပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဆင်းပွဲအပြီးတွင် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၆)မှ သင်တန်းဆင်း ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း သင်တန်းသူစံပြဆုရ ညောင်ဦးမြို့နယ် လက်ဝဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ မူလတန်းပြ ဒေါ်မိုးချယ်ရီအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ကျူးဘားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၀၇ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်မြောက်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဖိလစ် ပီရပ် ရုခ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရွှေလီ ရေအားလျှပ်စစ်စီမံကိန်း အကျိုးတူပူးပေါင်း ဖက်စပ်ကုမ္ပဏီတည်ထောင်ခွင့် သဘောတူစာချုပ်လက်မှတ်ရေးထိုး

နေပြည်တော် ဒီဇင်ဘာ ၃၁

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် Yunnan United Power Development Co., Ltd (YUPD) တို့ ရွှေလီ(၁)ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ရေးနှင့် လျှပ်စစ် စွမ်းအားထုတ်လုပ်ဖြန့်ဖြူးရေးအတွက် ဖက်စပ်ကုမ္ပဏီ ဖွဲ့စည်းထူထောင်ရေး နှစ်ဖက်သဘောတူညီချက်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဒီဇင်ဘာ၃၀ရက် နံနက် ၉နာရီတွင် နေပြည်တော်ရှိ Royal Kumudra Hotel၌ ကျင်းပသည်။

တက်ရောက်

အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Huang Lancang River Hydropower Co., Ltd. မှ တာဝန်ရှိ ပုဂ္ဂိုလ်များ Yunnan Power Grid Corporation မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Yunnan United Power Development Co., Ltd. မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Yunnan Machinery & Equipment Import & Export Co., Ltd. မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းက အဖွင့်အမှာစကား ပြောကြားပြီး ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan United Power Development Co., Ltd. ဥက္ကဋ္ဌ မစ္စတာဟွမ်ကွမ်မင်းတို့က အမှာစကား ပြောကြားကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် Yunnan United Power Development Co., Ltd. (YUPD) ဥက္ကဋ္ဌ Mr.Huang Guangming တို့က နှစ်ဖက် သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ကိုယ်စား မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက "ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုအမိန့်စာကို" YUPD ဥက္ကဋ္ဌသို့ ပေးအပ်သည်။

ထုတ်လုပ်ဖြန့်ဖြူး

အဆိုပါ သဘောတူညီချက်စာချုပ်အရ ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့၏ အနောက်တောင်ဘက်၁၇ မိုင်ခန့်အကွာ မန်တက်ကျေးရွာ အနီးရှိ ရွှေလီမြစ်ပေါ်တွင် ရေထိန်းတမံ တစ်ခုတည်ဆောက်ပြီး ရေသွယ်ဥမင်လိုဏ်ဖြင့် ရေကိုသွယ်ယူကာ စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀၀ရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီ သန်းပေါင်း ၄၀၂၂ သန်းကို ဓာတ်အားကွန်ရက်မှတစ်ဆင့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်သစ်အကူး ဆောင်းအအေး

၃၁-၁၂-၂၀၀၆

နေပြည်တော်	၁၆	ဒီဂရီစင်တီဂရိတ်
ဟားခါး	၁	ဒီဂရီစင်တီဂရိတ်
ပင်လောင်း၊မိုးကုတ်	၄	ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်၊ ကသာ	၆	ဒီဂရီစင်တီဂရိတ်
မြစ်ကြီးနား	၁၀	ဒီဂရီစင်တီဂရိတ်
မကွေး	၁၁	ဒီဂရီစင်တီဂရိတ်
ကျောက်တော်၊ ဟသ်ာတ	၁၂	ဒီဂရီစင်တီဂရိတ်
မန္တလေး	၁၄	ဒီဂရီစင်တီဂရိတ်
ရန်ကုန် (မင်္ဂလာဒုံ)	၁၅	ဒီဂရီစင်တီဂရိတ်
မော်လမြိုင်	၁၆	ဒီဂရီစင်တီဂရိတ်
မြိတ်	၁၈	ဒီဂရီစင်တီဂရိတ်

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် ပြာသိုလဆန်း ၁၄ ရက် (အဖိတ်နေ့)
၁-၁-၂၀၀၇ရက်(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၅၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၈:၀၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၂၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၃၀ ၇။ International News
၈:၄၅ ၈။ Grammar made Easy

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၆:၅၅ ၅။ အကပဒေသာ
၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား(အပိုင်း-၈)
၁၇:၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
၁၇:၃၅ ၈။ **"အဲဒီမှာစတွေ့တာပဲ"** မင်းအုပ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း၊ (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၇:၄၅ ၉။ တေးဂီတအစီအစဉ်
၁၇:၅၀ ၁၀။ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၈:၀၀ ၁၁။ ညနေခင်းသတင်း
၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၃။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း-၃၈)
၁၈:၄၅ ၁၄။ အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ညီမ ငယ်ပါသေး"** (အပိုင်း-၃)
၁၉:၄၅ ၁၆။ အချုပ်အခြာအာဏာခွန့်ရှည်ကြာခိုင်မာစေမှုဒို့ရေးရှု ရွှေအားကစား
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာ့ရုပ်ရှင်**"တိုက်ပွဲခေါ်သံ"** (အပိုင်း-၁) ညွှန့်ဝင်း၊သီဟတင်စိုး၊ မင်းဦး၊ ဇော်လင်း၊ဇင်မာဦး၊ဆွေဇင်ထိုက် (ဒါရိုက်တာ-မောင်တင်ဦး)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

လွတ်လပ်ရေး၏ အဓိပ္ပာယ်

ရတနာစည်ဆရာတော်
(လှိုင်လင်)



'လွတ်လပ်ရေး' ဟူသော စကားသုံးလုံးတွဲနှင့်အတူ ယင်း၏ အဓိပ္ပာယ်၊ ယင်း၏နောက်ခံသမိုင်းကြောင်း၊ ယင်း၏ပစ္စုပ္ပန်အနေအထားနှင့် အနာဂတ်အလားအလာတို့ကို သေချာစေ့ငစွာ မြော်ရှုသုံးသပ်ကြပါမည်။

လွတ်လပ်ရေးအဓိပ္ပာယ်

ဤတွင် လွတ်လပ်ရေးနှင့်စပ်လျဉ်း၍ မြတ်ဗုဒ္ဓ၏ အဓိပ္ပာယ်ဖွင့်ဆိုပုံကို လေ့လာသိမြင်ထားသလို ရှေးဦးစွာ ဖော်ပြပါမည်။

မြတ်ဗုဒ္ဓ၏ အမြင်အရ အဝိဇ္ဇာနှင့်တဏှာသည် ပပဉ္စ(နယ်ချဲ့) စစ်စစ်ဖြစ်၏။ ယင်း ပပဉ္စခေါ်နယ်ချဲ့များဖြစ်သည့် အဝိဇ္ဇာနှင့်တဏှာတို့၏ အုပ်စိုးမှုအောက်မှ လွတ်မြောက်ခြင်းသည် လွတ်လပ်ရေးမည်၏။ အဝိဇ္ဇာနှင့်တဏှာတို့ကား နယ်ချဲ့ထုံးစံအတိုင်း မီးကုန်ယမ်းကုန် အစွမ်းကုန် နယ်ချဲ့လျက်သာရှိသောကြောင့် သောတာပန်အရိယာသည်ပင် ၎င်းတို့လက်အောက်မှ လုံးဝမလွတ်မြောက်နိုင်သေးချေ။ ရဟန္တာအဆင့်ရောက်မှသာ ၎င်းတို့၏သြဇာခံ အစေအပါးဘဝမှ လွတ်မြောက်လျက် လွတ်လပ်ရေး ရရှိလေ၏။

အဝိဇ္ဇာ၏ နယ်ချဲ့ပုံမှာ အမှန်ကို အမှားဟုမြင်စေ၏။ တစ်ဖန်အမှားကို အမှန်ဟုလည်း ပြောင်းပြန်ချဲ့ကားမြင်စေ၏။ အရိပ်ကိုအပူထင်၊ မိတ်ကို ရန်သူဟုမြင်စေ၏။ လောကနှင့်ဓမ္မ နှစ်ဌာနလုံးမှာ ဖောက်ဖောက်ပြန်ပြန် မှားမှားယွင်းယွင်း မြင်နေစေခြင်းဖြစ်၏။ ကိုယ့်နိုင်ငံ၏ကောင်းကျိုး၊ ဒေသနှင့်တကွ တစ်နိုင်ငံလုံး၏ ကောင်းကျိုးကို ဖော်ဆောင်ပေးလျက်ရှိသည့် ကိုယ့်လူမျိုး၊ ကိုယ့်အစိုးရအပေါ် မကောင်းမြင်နေခြင်းများ၊ ပြည်သူများအဖို့ ကိုယ့်အိပ်ရာနွေးနွေးမှာ ကွေးနေအောင်အိပ်နိုင်ရေးအတွက် တောထဲတောင်ထဲမှာ ညလုံးပေါက်မအိပ်မနေ အပြင်စည်းမှ စောင့်ရှောက်ပေးနေကြသည့် ကိုယ့်တပ်မတော်သား သားကောင်း ရတနာများအပေါ် အမှန်မမြင်နိုင်ခြင်းများသည် လောကရေးရာ အဝိဇ္ဇာနယ်ချဲ့ လက်ချက်ဖြစ်၏။ ထို့အပြင် နယ်ချဲ့နိုင်ငံကြီးတွေကိုမှ အထင်ကြီး၊ အမြင်ကြီးနေခြင်းများသည်လည်း အဝိဇ္ဇာနယ်ချဲ့ စနက်ပင်ဖြစ်တော့၏။

တဏှာ၏နယ်ချဲ့ပုံကလည်း အထူးပြောရန်ပင် မလိုတော့၊ မိမိနိုင်ငံ၊ မိမိဒေသမှာ သင့်လျော်လျောက်ပက်စွာသော စားဝတ်နေရေး၊ လူမှုရေးတို့နှင့် အေးအေးချမ်းချမ်း နေထိုင်နိုင်သည့်တိုင်အောင် မတင်းတိမ်သေး၊ မရောင့်ရဲသေးချေ။ ဟိုအဝေးဆီသို့သာ ချဲ့ချင်နေသေး၏။ **"သန္တုဋ္ဌီ ပရမံ ဓနံ = ရောင့်ရဲခြင်းသည် ဓနမြတ်"** ဟူသော မြတ်ဗုဒ္ဓ၏အဆုံးအမကိုပင် မကြားနာနိုင်တော့ဘဲ တိုင်းတစ်ပါးကိုသာ အထင်ကြီးပြီး ဝေးဝေးလံလံ ချဲ့နေခြင်းမှာ တဏှာနယ်ချဲ့၏ လက်ပါးစေပုံရိပ်ဖြစ်၏။

ဤတွင် ခြွင်းချက်အဖြစ် ပြောရန်ရှိသည်မှာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး တိုးတက်ရာ တိုးတက်ကြောင်း၊ ကြီးပွားရာ ကြီးပွားကြောင်း ဦးတည်ချက်ဖြင့် တိုင်းတစ်ပါးသို့ထွက်၍ ပညာ၊ ဥစ္စာရှာဖွေခြင်းမှာမူ ဉာဏ်၊ ဝီရိယ ဦးဆောင်သဖြင့် အားပေးအပ်ပါ၏။

ယင်းသို့မဟုတ်မူဘဲ တလွဲဆံပင်ကောင်းပြီး ပြည်ပကိုသာ အားကိုးလျက် ကိုယ့်အမျိုးအပေါ်၊ ကိုယ့်နိုင်ငံအပေါ် သစ္စာဖောက်ကာ ဒေါ်လာနောက်လိုက်နေခြင်းမျိုးကား လုံးဝရှုတ်ချအပ်လေ၏။ တဏှာစေရာ မနေသာ ဖွေရှာမောနေသူတို့ ဘဝပါတကားဟုသာ မြင်နေရပါသည်။ တပ်မတော်အစိုးရ၏ ကောင်းကွက်တွေကို တစ်ချက်မျှမပြော၊ နိုင်ငံ၏ လက်ရှိတိုးတက်ဖွံ့ဖြိုးမှုတွေကို တစ်ခွန်းမျှမဟာ၊ မဟုတ်က ဟုတ်က၊ အယုတ္တ အနတ္တ၊ အမနာပ ဝါစာ၊ ပိသုဏဝါစာတွေကိုသာ မြိန်ရေယှက်ရေ မနက်ရောညပါ ပြောဆိုရင်း သပ်လျှိုသွေးခွဲခြင်း၌ ကျွန်နစ်စူးဝင်နေသည့် ပြည်ပြေးများ၊ နိုင်ငံသစ္စာဖောက်များကား အာဏာ၌ တပ်မက်မှုတဏှာ၏ သြဇာခံ အစေအပါးများစစ်စစ် ဖြစ်လေ၏။

လွတ်လပ်ရေး အဓိပ္ပာယ်အရပြောရလျှင် ထိုပြည်ပြေးများ၊ နိုင်ငံသစ္စာဖောက်များ၊ ပြည်ပသြဇာခံ မီဒီယာများ၊ ပြည်ပအားကိုးအဖွဲ့အစည်းများသည် လွတ်လပ်ရေး မရရှိသူများ၊ သြဇာခံ အစေအပါးများ၊ ပြည်ပကျွန်များသာ ဖြစ်နေကြောင်း တွေ့မြင်နေရပါသည်။

ဗုဒ္ဓအမြင် လွတ်လပ်ရေးအဓိပ္ပာယ်ကို ဆွေးနွေးပြီးသည့်နောက်မှာ လောကအမြင် လွတ်လပ်ရေး အဓိပ္ပာယ်ကို ဖွင့်ဆိုပါမည်။ ဤကမ္ဘာမြေရှိ လွတ်လပ်ရေးရပြီးသော နိုင်ငံများ၏ လွတ်လပ်ရေးအဓိပ္ပာယ်မှာလည်း မြတ်ဗုဒ္ဓ လွတ်လပ်ရေးအမြင်ထဲ၌ အကျုံးဝင်လျက်သာရှိ၏။ အဝိဇ္ဇာဖြင့် မှိုင်းတိုက်၍ တဏှာဖြင့်မျှားယူရာ၌ ထိပ်ဆုံးရောက်နေသော နယ်ချဲ့နိုင်ငံကြီးတို့၏ စနက်အောက်၊ လက်အောက်မှ လွတ်မြောက်လျက် ကိုယ့်အချုပ်အခြာ၊ ကိုယ့်အာဏာကို ကိုယ်သာ ပြန်လည်ပိုင်ဆိုင်ခြင်းသည် လွတ်လပ်ရေးမည်၏။ **လူမျိုးခြား အုပ်ချုပ်မှုအောက်မှ လွတ်မြောက်ခြင်းသည် လွတ်လပ်ရေးမည်၏။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဥပဒေနှင့်ကိုယ် လွတ်လပ်စွာ အုပ်ချုပ်ရေး ရရှိခြင်းသည် လွတ်လပ်ရေးမည်၏။ နိုင်ငံသားများအနေဖြင့် ကိုယ့်လူမျိုး ကိုယ့်အစိုးရ အုပ်ချုပ်မှုအောက်မှာ ဥပဒေဘောင်အတွင်း လွတ်လပ်စွာ လှုပ်ရှားနိုင်ခြင်းသည် လွတ်လပ်ရေးမည်၏။ ထို့ကြောင့် လွတ်လပ်ရေး၏ အဓိပ္ပာယ်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့၌ တိုင်းတစ်ပါး လူမျိုးခြား သြဇာရိပ်မှ လွတ်လပ်ခြင်း ဖြစ်**ပါသည်။

မြန်မာ့လွတ်လပ်ရေးနောက်ခံသမိုင်း

မြန်မာနိုင်ငံသည် လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၀၀ကျော် ကတည်းက ထီးနှင့်နန်းနှင့် ကြငှန်းနှင့် တင့်တင့်တယ်တယ် ဖြစ်တည်ခဲ့သော မြို့ပြနိုင်ငံဖြစ်ခဲ့၏။ ပထမ တကောင်းမင်းဆက် ၃၃ ဆက်၊ ဒုတိယ တကောင်းမင်းဆက် ၁၇ ဆက်၊ သရေခေတ္တရာမင်းဆက် ၂၇ ဆက်အထိ မင်းအဆက်ဆက်တို့ အုပ်ချုပ်ခဲ့ကြပြီး သမုဒ္ဒရာဇ်မင်း လက်ထက်တွင် ပထမပုဂံမြို့တော်ကို စတင်တည်ထောင်နိုင်ခဲ့၏။ ခရစ်နှစ်(၁၀၇)ခုနှစ်၌ ဖြစ်၏။ ထိုမှဆက်လက်၍ ပုဂံမင်းအဆက်ဆက် အုပ်စိုးလာခဲ့ရာ ခရစ်နှစ်(၁၀၄၄)ခုနှစ်တွင် နန်းတက်သော အနော်ရထာမင်းတရားကြီး လက်ထက်တွင်မူ ပထမ မြန်မာနိုင်ငံတော်ကြီး အဖြစ် ထွန်းသစ်တောက်ပလာအောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။

လူမျိုးခြား အုပ်ချုပ်မှုအောက်မှ လွတ်မြောက်ခြင်းသည် လွတ်လပ်ရေးမည်၏။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်ဥပဒေနှင့်ကိုယ် လွတ်လပ်စွာ အုပ်ချုပ်ရေးရရှိခြင်းသည် လွတ်လပ်ရေးမည်၏။ နိုင်ငံသားများ အနေဖြင့် ကိုယ့်လူမျိုး ကိုယ့်အစိုးရ အုပ်ချုပ်မှုအောက်မှာ ဥပဒေဘောင်အတွင်း လွတ်လပ်စွာ လှုပ်ရှားနိုင်ခြင်းသည် လွတ်လပ်ရေး မည်၏။ ထို့ကြောင့် လွတ်လပ်ရေး၏အဓိပ္ပာယ် သည် နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေးတို့၌ တိုင်း တစ်ပါး လူမျိုးခြားသြဇာရိပ်မှ လွတ်လပ်ခြင်းဖြစ်။

ထွန်းသစ်တောက်ပလာအောင် စွမ်းဆောင်နိုင်ခြင်းများအနက် ဘုရင်အနော်ရထာသည် မြတ်ဗုဒ္ဓသားတော်စစ် အရှင်အရဟံနှင့်အတူ ဆရာဒကာ ညီညွတ်စွာ လောကီလောကုတ္တရာ ကျိုးနှစ်ဖြာ ယှဉ်တွဲတက်လာ ပြည်မြန်မာအဖြစ် ထေရဝါဒ ဗုဒ္ဓသာသနာအုတ်မြစ်ကို ကျစ်လျစ်သိပ်သည်းစွာနှင့် ခိုင်မတ်နစ်စူးစွာ ချလိုက်နိုင်ခြင်းကား အနာဂတ်နိုင်ငံတော်ခရီးအတွက် ထာဝရအလင်းတန်း ဖြစ်လေတော့၏။

ထို့ကြောင့် ယင်းထေရဝါဒ ဗုဒ္ဓသာသနာအလင်းအောက်မှာ နိုင်ငံသူ နိုင်ငံသားများသည် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ ဟူသော လူကောင်းလူမွန်တို့၏ အရည်အသွေးများဖြင့် လင်းလင်းလက်တောက်ပကာ မြေး၊ မြစ် မြန်မာအဆက်ဆက်သို့ပါ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ခဲ့လေပြီ။

ယုံကြည်ချက်၌ ကြံ့ကြံ့ရပ်၊ ကိုယ့်လိပ်ပြာ ကိုယ်လုံစေ၊ အကြားအမြင်တွေဆည်းပူး၊ တက်အားသမျှ မျှဝေသုံး၊ အဖြူအမည်း ကွဲကွဲမြင်၊ ရှက်အပ်လျှင် ရှက်တတ်၊ ကြောက်အပ်လျှင် ကြောက်တတ်ဟု မြန်မာပြန်ဆိုအပ်ပါသော အထက်ပါ အရည်အသွေး ခုနစ်မျိုးကို မြတ်ဗုဒ္ဓက 'အရိယာဓနေ' ဟု သုတ်ပါထေယျ ပါဠိတော်၌ ဟောဖော်ညွှန်းတော်မူခဲ့ပါသည်။

ယင်းသို့သော စိတ်ပိုင်းဆိုင်ရာ ကိုယ်ပိုင်ဓနဥစ္စာများအပြင် ဗြဟ္မစိုရ်တရား၊ မင်္ဂလာတရား၊ မဂ္ဂင်တရားတို့ကို ဆောင်ကြဉ်းရင်း

စာမျက်နှာ ၅ ကော်လံ ၁ သို့

တပ်မတော်သည် ဗီဇကောင်းခြင်း၊ ဖွားသန့်ပုံကောင်းခြင်း၊ သမိုင်းကြောင်းကောင်းခြင်း၊ ပြည်သူ့ဘက်မှ ထာဝရရပ်တည်ခြင်းနှင့် ယနေ့တစ်နိုင်ငံလုံးတာဝန်ကို ရယူခိုက်တွင် ဘယ်ခေတ်နှင့်မျှ မတူအောင် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းစေဖို့၊ ဖွံ့ဖြိုးတိုးတက်စေဖို့ တည်ဆောက်နိုင် စွမ်းရှိခြင်းတို့အပြင် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် အဖြစ် ထွန်းသစ်လာနေခြင်းတို့ကြောင့် လွတ်လပ်ရေး၏ ပစ္စုပ္ပန်အနေအထားသည် အလွန်ကောင်းမွန် နေကြောင်း တွေ့မြင်ရ။

ပဋ္ဌာန်းသင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၃၁

အဘိဓမ္မာ အခြေခံရှိပြီးသူများအတွက် ပဋ္ဌာန်းပစ္စယနိဒ္ဒေသ သင်တန်းကို ဇန်နဝါရီ၆ရက်မှ ၁၃ရက်အထိ နေ့စဉ်မွန်းလွဲ၁နာရီမှ ညနေ၃နာရီအထိ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ)၏ ဩဝါဒဖြင့် ကျောင်းတိုက်အတွင်း ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူ ဓမ္မမိတ်ဆွေများတက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

ပညာ့ဝတီရိပ်သာကုသိုလ်ပြုပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက် ပညာ့ဝတီရိပ်သာ ကျောင်းတိုက်ကို စတင်တည်ထောင်ခဲ့သော ကျေးဇူးရှင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီရိ ဆရာတော်ကြီး လေးနှစ်မြောက် အထိမ်းအမှတ်နှင့် ဆရာတော် ဦးဉာဏ၊ ဦးသုမနတို့အား ရည်စူးကုသိုလ်ပြုပူဇော်ပွဲကို ဇန်နဝါရီ ၄ရက် နံနက် ၇နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဟု သိရသည်။ (က-ပ)

(၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

စာမျက်နှာ ၄ ဆောင်းပါးမှ

မြန်မာနိုင်ငံသည် အိမ်နီးချင်း နိုင်ငံများအလယ် တင့်တယ်ထွန်းတောက်စွာ သမိုင်းခရီးဖြတ်သန်းလာခဲ့ရာမှ စစ်အင်အားကြီးမားသော နယ်ချဲ့နိုင်ငံ၏ အဓမ္မစစ်ပြုမှုတို့ဖြင့် ၁၈၂၄ခုနှစ်တွင် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ၊ ၁၈၅၂ ခုနှစ်တွင် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ၊ ၁၈၈၅ ခုနှစ်တွင် တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲများနှင့်အတူ တစ်နိုင်ငံလုံး ကျွန်ပြုစိုးအုပ်ခံခဲ့ရလေ၏။

ယင်းသို့ ကျွန်ပြုခံခဲ့ရသည့်တိုင်အောင် မျိုးချစ်ပြည်သူတို့သည် လက်မမြှောက်၊ ဒူးမထောက် မကြောက်မရွံ့ နောက်မတွန့် စွန့်စွန့်စားစား နယ်ချဲ့ကို တန်ပြန်တွန်းလှန်ခဲ့ကြသည်။ ဒေသအနှံ့အပြားတွင် တိုင်းရင်းသားအချင်းချင်းလက်တွဲပြီး ရရာလက်နက်စွဲကိုင်လျက် နယ်ချဲ့ကို ခုခံတိုက်ခိုက်ခဲ့ကြသည်သာ ဖြစ်၏။ မြန်မာနိုင်ငံသားတို့၏သွေး စွေးစွေးနီ ရဲရဲရင့်ကြောင်း ကမ္ဘာသိ ပြသနိုင်ခဲ့ကြ၏။ လက်နက်ချင်း မမျှ၍သာ နှံ့နှစ်ခံခဲ့ရသော်လည်း နယ်ချဲ့အပေါ် အထင်မကြီး။ လက်နက်အင်အားဖြင့် ခြောက်သော်လည်းမကြောက်။ ခနဉ်စွာ ရာထူးဌာနန္တရနှင့် သိမ်းသွင်းသော်လည်း မတပ်မက်။

ဗိုလ်မင်းရောင်၊ ဗိုလ်ဥတ္တမ၊ ဗိုလ်မြတ်ထွန်း၊ ဗိုလ်နက်ကျော်၊ ဗိုလ်ရာညွန့်၊ ဗိုလ်သာကျန်၊ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ ကချင်တောင်တန်းဒေသမှ ဆမားဒူးဝါး၊ ဖုန်ကန်ဒူးဝါး၊ ဗိုလ်ဖိုးစော၊ ရှမ်းပြည်နယ်မှ လင်းပင်မင်းသား စဝ်ခမ်းလှိုင်၊ 'ဝ' ဒေသမှ စောမဟာနော်ခမ်းဦး၊ ကယားပြည်နယ်မှ စောလဖော်နှင့် ဦးထွက်လူ၊ ချင်းပြည်နယ်မှ ကြွမ်ဘိစ် စသည့် မျိုးချစ်သူရဲကောင်း အပေါင်းတို့ကို သာဓက ပြုနိုင်ပါသည်။

ယင်းသို့ နယ်ချဲ့၏ အဝိဇ္ဇာမှိုင်းတိုက်မခံ၊ နယ်ချဲ့၏ တဏှာငါးစာကို မတပ်မက်ဘဲ နိုင်ငံလွတ်လပ်ရေးအတွက် အဆက်ဆက်ကြိုးပမ်းလာခဲ့ကြရာ ၁၉၄၁ ခုနှစ်တွင် ပေါ်ထွန်းလာသည့် ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့်အတူ ပြည်သူအားလုံးတို့၏ တစ်ခဲနက် စည်းလုံးညီညွတ်မှုတို့ကြောင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက် နံနက် ၄နာရီ မိနစ် ၂၀အလွန် ၂၈စက္ကန့်အချိန်တွင် လွတ်လပ်ရေးပြန်လည်ရရှိခဲ့ပါသည်။

လွတ်လပ်ရေး၏ ပစ္စုပ္ပန်အနေအထား

လွတ်လပ်ရေးကို ဦးဆောင်ရယူပေးနိုင်စွမ်းရှိသည့် တပ်မတော်ကပင် လွတ်လပ်ရေး ပြန်လည် မဆုံးရှုံးရလေအောင် ဦးဆောင်ကာကွယ်ပေးနိုင်သည့် အမျိုးသားရေးအင်အားစုအဖြစ် တွေ့မြင်ရသည်မှာ လွတ်လပ်ရေးအတွက် စိတ်အေးဖွယ် ဖြစ်ရပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၁၅-၁၂-၂၀၀၆ရက်နေ့ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၉) သင်တန်းဆင်းပွဲ အခမ်းအနား၌ ဤသို့ မိန့်ခွန်း ပြောကြားထားပေသည်-

"ရဲဘော်တွေဟာ ပြည်သူကြားက ပေါက်ဖွားလာတဲ့ ပြည်သူ့တပ်မတော်သားတွေပီပီ ရောက်ရာဒေသမှာ တွေ့ရတဲ့ ပြည်သူကို မိဘ၊ ညီအစ်ကိုမောင်နှမ အရင်းအချာပမာ ဆက်ဆံခဲ့ကြတယ်။ ရဟန်းရှင်လူ၊ ပြည်သူအားလုံးကလဲ ရဲဘော်တွေကို အလွန်လေးစားအားကိုးပြီး ရင်နှစ်သည်းချာပမာ စောင့်ရှောက်ခဲ့ကြတယ်။ ဒို့တပ်မတော်ဟာလဲ ပြည်သူတွေ အားထားနိုင်လောက်အောင် စွမ်းရည်ရှိခဲ့တယ်။

"နယ်ချဲ့တွေဟာ ဒို့တပ်မတော်ရဲ့စွမ်းရည်ကို အသိအမှတ်မပြုလို့ မရတော့တာကြောင့် လွတ်လပ်ရေးကို ပေးလိုက်ရတာဖြစ်တဲ့အတွက် ဒို့နိုင်ငံကို လက်လွှတ်လိုက်ရတဲ့အခါ မစားရတဲ့အမဲ သဲနဲ့ပက်ဆိုတာလို တိုင်းရင်းသားချင်း စိတ်ဝမ်းကွဲပြီး သွေးချောင်းစီးအောင် ဖန်တီးခဲ့ကြတယ်။

"ရဲဘော်တို့--- ဒို့တပ်မတော်ဟာ နိုင်ငံတော်မှာ အရေးကြုံတိုင်း အမျိုးသားရေးကို ရှေးရှုပြီး ပြည်သူဘက်ကရပ်တည်ခဲ့တဲ့ တပ်မတော်ဖြစ်တယ်။ ဒါ့ကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်သွားနိုင်ဖို့အတွက် တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်လျက်ရှိတယ်"

တပ်မတော်သည် ဗီဇကောင်းခြင်း၊ ဖွားသန့်ပုံကောင်းခြင်း၊ သမိုင်းကြောင်းကောင်းခြင်း၊ ပြည်သူဘက်မှ ထာဝရရပ်တည်ခြင်းနှင့် ယနေ့ တစ်နိုင်ငံလုံး တာဝန်ကို ရယူခိုက်တွင် ဘယ်ခေတ်နှင့်မျှ မတူအောင် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းစေဖို့၊ ဖွံ့ဖြိုးတိုးတက်စေဖို့ တည်ဆောက်နိုင်စွမ်းရှိခြင်းတို့အပြင် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် ထွန်းသစ်လာနေခြင်းတို့ကြောင့် လွတ်လပ်ရေး၏ ပစ္စုပ္ပန်အနေအထားသည် အလွန်ကောင်းမွန်နေကြောင်း တွေ့မြင်ရပါသည်။

ယင်းသို့ မျိုးချစ်တပ်မတော်နှင့် မျိုးချစ်ပြည်သူများက လွတ်လပ်ရေး၏ အဓိပ္ပာယ်နှင့် အနှစ်သာရများကို ပိုမိုတောက်ပစေလျက် ရှိသလောက် တစ်ဖက်တွင်မူ နိုင်ငံသစ္စာဖောက်၊ လူမျိုးသစ္စာဖောက်၊ ပြည်ပြေးတို့နှင့် ၎င်းတို့ကို လက်သပ်မွေးမြူထားသော နယ်ချဲ့လက်သစ် အနောက်နိုင်ငံတချို့က မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူကြား သပ်လျှိုမှုများ၊ တပ်မတော်နှင့်ပြည်သူကြား သွေးခွဲမှုများ၊ နိုင်ငံတော်တိုးတက်ရေး၌ ပိတ်ဆို့နှောင့်ယှက်မှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့မြင်နေရပေရာ လွတ်လပ်ရေးသတိ အမြဲရှိနေကြရမည်မှာ ပြည်သူတစ်ရပ်လုံး၏ ဘဝပေးတာဝန်ဖြစ်လျက် ရှိတော့၏။

လွတ်လပ်ရေး၏အနာဂတ်အလားအလာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ၂၄-၁၁-၂၀၀၆ ရက်နေ့တွင် ကျင်းပသော (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ အစည်းအဝေး၌ **"လွတ်လပ်ရေး၏ အနှစ်သာရနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု၏ တန်ဖိုးကို ပြည်သူတစ်ရပ်လုံးနှင့် အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ သိရှိနားလည်ပြီး ထာဝစဉ် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားရေး"** နှိုးဆော်ခဲ့သည်မှာ လွတ်လပ်ရေး၏ အနာဂတ်အလားအလာကောင်းကို မီးမောင်းထိုးပြလိုက်ခြင်းမည်လေ၏။

လွတ်လပ်ရေး၏ အဓိပ္ပာယ်နှင့် အနှစ်သာရကို သိရမည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၏ တန်ဖိုးကို နားလည်ရမည်။ ယင်းအပြင် တိုင်းရင်းသားအားလုံး လွတ်လပ်ရေးနှင့် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထား ပန်ဆင်ကာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ထွန်းလာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးကို ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ပြည့်ဝစွာ တက်ညီလက်ညီ အားသွန်ခွန်စိုက် ပူးပေါင်းပါဝင် ဆောင်ရွက်နေကြခြင်းဖြင့် လွတ်လပ်ရေး၏ အနာဂတ် အလားအလာသည် ရောင်ဝါထွန်းပနေမည်သာဖြစ်၏။

သို့ဖြင့် လွတ်လပ်ရေး၏ အနာဂတ်ခရီးနှင့် နိုင်ငံတော်၏ အနာဂတ်ခရီး ထိန်ညီးတောက်ပ လန်းလန်းလွအောင် လုံ့လနှင့်ဖွဲ ထန်ထန်သဲ အားခဲကြိုးပမ်း အပ်ပါကုန်သတည်း။ ။

သမိုင်းထဲမှ သူရဲကောင်း

❖ သမိုင်းကြောင်းပြန်ကြည့်၊ ဇာတိပုည
ဂုဏ်မာနဖြင့်၊ ရဲရင့်စွမ်းပကား
နိုးကြားအမြဲ၊ ခိုင်မာဆဲလေ
နီရဲကမ္ဘည်း၊ ရင်းနှီးအသက်
သွေးစက်မော်ကွန်း၊ တည်ထွန်းခဲ့တယ်
ခြယ်လှယ်ကျွန်ပြု၊ ကျူးကျော်မှုမှန်သမျှ
တွန်းလှန်ကြတယ်၊ ဘယ်သူ့ကိုမျှ ကျွန်မခံ
အမှန်တရားအစစ်၊ အမျိုးချစ်တဲ့ဝါဒ
ထာဝရခံယူ၊ အောင်လံထူခဲ့တယ်။

❖ ဒို့ရဲ့အနာဂတ်၊ ချမှတ်ပြဋ္ဌာန်း
ခရီးလမ်းမှာ၊ ပန်းတိုင်ရှိတယ်
ဘယ်သူခွဲခွဲ၊ ဒို့မကွဲဘူး
ရဲရင့်နိုးကြား၊ အမျိုးသားရေး
သမိုင်းပေးဝါဒ၊ ခံယူကြတယ်
မိဘမျိုးရိုး၊ ဘိုးဘွားဘီဘင်
သားစဉ်မြေးဆက်၊ ဦးထိပ်ရွက်ပန်
အဓိဋ္ဌာန်က၊ "နိုင်ငံလွတ်လပ်ရေး
ခွန့်ရှည်ရေးနှင့်၊ သွေးချင်းသားချင်း
ညီနောင်ရင်းတွေ၊ ညီညွတ်နေပြီး
ဒို့မြေပြည်ထောင်စု၊ တည်တံ့မှုအတွက်"
လက်ချင်းယှက်တွဲ၊ ခိုင်မာမြဲတယ်
သမိုင်းထဲမှ သူရဲကောင်း။ ။

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်-

ကေတုနီလာ

ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြု ပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတစ်ဝန်းလုံး၌ အာဏာတည်သည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဒီဇင်ဘာ ၂၈ ရက်ကကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌကြီးနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့ လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနဲ့ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ၊ နှစ်ဖြာသောသုခနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ရန်ကုန်တိုင်း သန်လျင်မြို့နယ်မှ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ် ဦးသင်းကြူ ဖြစ်ပါတယ်။

၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၀ရက်နေ့နှင့် ၁၃ရက်နေ့များမှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့ပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းပြောကြားခဲ့တဲ့ အခန်းများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာပါဝင်တဲ့ ယခင်အခန်းများကဲ့သို့ အလွန်အရေးကြီးပြီး ပြည်သူအများ စိတ်ဝင်စားစွာ စောင့်မျှော်လေ့လာ မှတ်သားနေကြတဲ့ အခန်းများလည်း ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့အနေနဲ့ လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ရဲ့ အကြံပြုချက်စာတမ်းတစ်စောင်ကို စိတ်အားတက်ကြွစွာ ရေးသားခဲ့ကြပါတယ်။ အဲဒီအကြံပြုချက်စာတမ်းကို ကျွန်တော်နှင့်အတူ ဧရာဝတီတိုင်း ကြံခင်းမြို့နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးအုန်းဝင်း၊ မကွေးတိုင်း မင်းလှမြို့နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးမောင်မောင်၊ ပဲခူးတိုင်း ပြည်မြို့နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးတင်စိန်နဲ့ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးဉာဏ်ဦးတို့က ဖတ်ကြားတင်ပြကြမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

သဘာဝလောကကြီးရဲ့ နိယာမတရားအရ အရာရာတိုင်းသည် အစဉ်အမြဲ ပြုပြင်ပြောင်းလဲလျက် ရှိနေတယ်ဆိုတဲ့ သဘောတရားအတိုင်း ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးဟာ မိမိနိုင်ငံ၊ မိမိလူမျိုးနဲ့ လျော်ကန်သင့်မြတ်တဲ့ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်၊ လူမှုရေးစနစ်များကို ပြုပြင်ပြောင်းလဲရင်း အကောင်းဘက်သို့ ရှေးရှုထိန်းကျောင်းပေးလျက် ရှိနေကြပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ပြုပြင်ပြောင်းလဲမှုနဲ့အတူ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း နိုင်ငံတော်အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နိုင်ရေးအတွက် ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး ပြုပြင်ပြောင်းလဲလျက်ရှိနေပါတယ်။ ဒါ့အပြင် ယနေ့ခေတ်ကာလရဲ့ အခြေအနေ၊ အချိန်အခါနဲ့ ကိုက်ညီ သင့်လျော်ကောင်းမွန်တဲ့ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်၊ လူမှုရေးစနစ်တွေကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းရေးဆွဲပြီး ပြဋ္ဌာန်းနိုင်ရေးအတွက် အသေးစိတ်အခြေခံရမယ့်မူများကို ဆွေးနွေးညှိနှိုင်း၊ ဆုံးဖြတ်ချမှတ်ဆောင်ရွက်လျက် ရှိနေကြပါတယ်။

သဘာပတိကြီးခင်ဗျား–

ဒါကြောင့် နောင်ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းကို အခန်းတစ်ခန်းအဖြစ် ရေးဆွဲပြဋ္ဌာန်းထားမှသာ နောင်အခါမှာ ဖြစ်ပေါ်ပြောင်းလဲလာမယ့် ကမ္ဘာ့နိုင်ငံတကာ နိုင်ငံရေးအခြေအနေ၊ မြန်မာ့နိုင်ငံရေး တိုးတက်ပြောင်းလဲမှုအခြေအနေတွေနဲ့ လျော်ကန်သင့်မြတ်စွာ ပြုပြင်ပြောင်းလဲပေးနိုင်မှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းဆိုတဲ့ကိစ္စဟာ နိုင်ငံတကာဖွဲ့စည်းပုံအခြေခံဥပဒေများမှာ အရေးကြီးတဲ့အခန်းအဖြစ် ပြဋ္ဌာန်းပေးထားလေ့ရှိတဲ့ အစဉ်အလာတစ်ရပ်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာရှိခဲ့ဖူးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းဆိုတဲ့ ဥပဒေပုဒ်မများကိုလည်း ပြဋ္ဌာန်းပေးထားခဲ့ကြပါတယ်။

ဒါကြောင့် နောင်ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းဆိုတဲ့အခန်းကို အရေးကြီးတဲ့အခန်းတစ်ခန်းအဖြစ် ပြဋ္ဌာန်းပေးထားရမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိတဲ့ ဥပဒေပုဒ်မများကို ပြင်ဆင်ရန် အလွန်လွယ်ကူပြန်လျှင်လည်း မလိုလားအပ်သောအခြေအနေများ ဖြစ်ပေါ်လာနိုင်သလို ပြောင်းလဲလာတဲ့ မိမိတို့နိုင်ငံရဲ့ ပကတိဖြစ်ပေါ်နေတဲ့ အခြေအနေ၊ နိုင်ငံသူ၊ နိုင်ငံသားတို့ရဲ့ သဘောထားအမြင်များကို မျက်ကွယ်ပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မများကို ပြင်ဆင်ရန်ခက်ခဲသည့် တင်းကျပ်သောပြဋ္ဌာန်းချက်များဖြင့် ပြဋ္ဌာန်းထားမည်ဆိုပါကလည်း နိုင်ငံတော်မှာ ထိန်းမနိုင်သိမ်းမရ အခြေအနေမျိုးများ ကြုံတွေ့ရတတ်ပါတယ်။ အဲဒီလိုအခြေအနေဆိုးကို အခွင့်ကောင်းယူ အဖျက်အမှောင့်ပယောဂများ ပူးကပ်လာပါက နိုင်ငံတော်နှင့် နိုင်ငံသားများ ဘေးဒုက္ခအမျိုးမျိုးနဲ့ ကြုံတွေ့ရတတ်ကြောင်း သမိုင်းသင်ခန်းစာများ ရှိပြီးဖြစ်ပါတယ်။

စာတမ်းဖတ်ကြား

သန်လျင်မြို့နယ်မှ ကိုယ်စားလှယ် ဦးသင်းကြူ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရေးဆွဲပြဋ္ဌာန်းထားတဲ့ ဥပဒေပုဒ်မများသည် အများပြည်သူများ အလွယ်တကူ သိရှိနားလည်နိုင်တဲ့ ရေးထုံးများနှင့် ရေးသားသင့်တဲ့အပြင် အဓိပ္ပာယ်နှစ်ခွထွက်စေနိုင်တဲ့၊ ကောက်ယူနိုင်တဲ့ အရေးအသားမျိုးများ နည်းနိုင်သမျှနည်းသင့်ပါတယ်။ သမိုင်းအတွေ့အကြုံများအရ ဥပဒေပုဒ်မများကို ကိုယ်လိုရာဆွဲပြောပြီး ပြင်ဆင်ရန် တောင်းဆို ဆောင်ရွက်မှုများကြောင့် နိုင်ငံအတွင်း ရှုပ်ထွေးမှုများဖြစ်ပေါ်လာခဲ့တာများလည်း ရှိခဲ့ဖူးပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မအချို့ကို ပြင်ဆင်ရန် ကြိုးစားအားထုတ်လာရာမှ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားအကြောင်းအရာများကိုပါ ပြင်ဆင်ရန်တောင်းဆိုသည့် နိုင်ငံရေးငြင်းခုံမှုများလည်း ဖြစ်ပေါ်လာခဲ့ဖူးတာကို ကျွန်တော်တို့ လေ့လာမှတ်သား သိရှိပြီးဖြစ်ကြပါလိမ့်မယ်။ အဲဒီ သမိုင်းအတွေ့အကြုံများကို အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်လိုအပ်လာပါက၊ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မအချို့ကိုပြင်ဆင်ဖို့ တောင်းဆိုလာပါက ပြင်ဆင်ရန် ခက်ခဲလွန်းသော အစွန်းတရားနှင့် ပြင်ဆင်ရန် လွယ်ကူလွန်းသော အစွန်းတရားများကို ရှောင်ရှားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မအချို့ကိုဖြစ်စေ၊ အခန်းကိုဖြစ်စေ၊ ဒီမိုကရေစီနည်းကျစွာဖြင့် စနစ်တကျပြင်ဆင်နိုင်ရန်အတွက် ပြဋ္ဌာန်းချက်များ တိကျစွာပြဋ္ဌာန်းပေးရမှာ ဖြစ်ပါတယ်။

ဒါကြောင့်–

"ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်လိုပါက အောက်ဖော်ပြပါ သတ်မှတ်ထားသော နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်–

(က) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် တင်သွင်းသော အဆိုပြုချက်ကို ဥပဒေမူကြမ်းအဖြစ်ဖြင့် တင်သွင်းရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အဆိုတင်သွင်းသော ဥပဒေမူကြမ်းတွင် အခြားအဆိုများ မပါရှိစေရ"

လို့ အသေးစိတ်အခြေခံရမယ့် မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုတယ်ဆိုရင် ဥပဒေမူကြမ်းအဖြစ်ဖြင့် တင်သွင်းသင့်ပါကြောင်း အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရာမှာ အကြံပြုတင်ပြဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလိုတင်သွင်းမယ့် ဥပဒေမူကြမ်းကို မည်သည့် လွှတ်တော်အဆင့်က စတင်ပြီးတင်သွင်းရမယ်ဆိုတဲ့ အသေးစိတ်အခြေခံမူများ ချမှတ်ထားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နောင်ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် နှစ်ရပ်ရှိမှာဖြစ်သလို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ် ပေါင်းစပ်ထားသည့် ပြည်ထောင်စုလွှတ်တော်ဆိုတဲ့ အမြင့်ဆုံးလွှတ်တော်တစ်ရပ်လည်း ရှိနေမှာဖြစ်ပါတယ်။ နိုင်ငံတကာလွှတ်တော်များရဲ့ အတွေ့အကြုံများ၊ မိမိတို့နိုင်ငံရဲ့ လွှတ်တော်အတွေ့အကြုံများအရ လွှတ်တော်တစ်ရပ်ရပ်က တင်သွင်းလာတဲ့ ဥပဒေမူကြမ်းကို အခြားလွှတ်တော်တစ်ရပ်ရပ်က သဘောမတူ၊ လက်မခံခဲ့ရင် လွှတ်တော်အချင်းချင်း သဘောထားကွဲလွဲမှုတွေကြောင့် အခက်အခဲများ၊ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လာနိုင်ပါတယ်။ တစ်ခါတစ်ရံ လွှတ်တော်တစ်ရပ်နှင့်တစ်ရပ် အားပြိုင်မှုတွေ ဖြစ်ပေါ်လာတဲ့အထိ ပြင်းထန်လာတတ်တာမျိုးလည်း နိုင်ငံတကာမှာ တွေ့ကြုံနေရပါတယ်။

သဘာပတိကြီးခင်ဗျား–

နောင်ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိတဲ့ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကို ထာဝရရှေးရှုဆောင်ရွက်နေတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတာဖြစ်တဲ့အပြင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ကို ပေါင်းစပ်ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုလွှတ်တော်ကြီးဖြစ်လို့ အဆင့်အမြင့်ဆုံးဥပဒေပြု အဖွဲ့အစည်းကြီးလည်းဖြစ်ပါတယ်။

ဒါကြောင့်–

"ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းရမည်"

လို့ တိကျခိုင်မာတဲ့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုရင် ဥပဒေမူကြမ်းဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားသော်လည်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမယ့် နည်းလမ်းကိုလည်း တိကျစွာ သတ်မှတ်ပေးထားဖို့ လိုအပ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် အနည်းစုဖြစ်သော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အချို့က တင်သွင်းလိုတဲ့ဆန္ဒဖြင့် တင်သွင်းလာမည်ဆိုပါက ပြည်ထောင်စုလွှတ်တော်တွင် မလိုလားအပ်ဘဲ တန်ဖိုးရှိသည့် အချိန်များကို ကုန်လွန်သွားစေနိုင်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ပြည်ထောင်စုလွှတ်တော်သို့ မတင်သွင်းမီ ပြည်ထောင်စုလွှတ်တော်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံး အနက် စုစုပေါင်းမည်သည့် ရာခိုင်နှုန်းက တင်ပြလာမှသာ ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရမယ်ဆိုတဲ့ နည်းလမ်းသတ်မှတ်ချက်များ ပြဋ္ဌာန်းထားဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလိုပြဋ္ဌာန်းသတ်မှတ်ရာမှာ ဒီမိုကရေစီကျင့်စဉ်အရ အများစု၏ဆန္ဒကို အနည်းစုက လိုက်နာရမှာဖြစ်သလို အနည်းစု၏ဆန္ဒကို အများစုက တန်ဖိုးထား လေးစားရမည်ဆိုတဲ့ သဘောတရားများနှင့် ညီညွတ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်စဉ်ကို မှန်ကန်စွာ ကျင့်သုံးလိုက်နာရာလည်း ကျမှာဖြစ်ပါတယ်။

ဒါကြောင့်–

"ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ နှစ်ဆယ်ရာခိုင်နှုန်းက တင်ပြလာလျှင် အဆိုပါ ပြင်ဆင်ချက် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရမည်"

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကို မည်သို့ ပြင်ဆင်ရမည်ဆိုတာ အလွန်မှ အရေးကြီးလှပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အဓိကအခန်းများကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများပြုလုပ်ပြီးမှ ပြည်သူ့ဆန္ဒနှင့်အညီ ဆောင်ရွက်ရမယ်၊ ပြဋ္ဌာန်းချက်အချို့ကိုဖြင့် သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ မည်သည့်ရာခိုင်နှုန်းဖြင့် ပြင်ဆင်နိုင်တယ်လို့ ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒ လမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံသည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း အခန်းကို သီးခြားအခန်းတစ်ခန်းအဖြစ် ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ အဲဒီအခန်းမှာ အဓိကကျတဲ့ ပုဒ်မများကိုပြင်ဆင်ရန် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံးရဲ့ ၇၅ရာခိုင်နှုန်းက ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံးရဲ့ ထက်ဝက်ကျော်ရင် ပြင်ဆင်နိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ အခြားပြဋ္ဌာန်းချက်များကိုတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းက သဘောတူလျှင် ပြင်ဆင်နိုင်သည်ဆိုတဲ့ ပြဋ္ဌာန်းချက်များရှိခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နောင်ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနဲ့ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်း

စာမျက်နှာ ၇ ကော်လံ ၁ သို့

ညီလာခံ ဆွေးနွေးပွဲ - ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်

စာမျက်နှာ ၆ မှ

တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အသည်းနှလုံးများပဲ ဖြစ်ပါတယ်။ အဲဒီ အသည်းနှလုံးနဲ့တူတဲ့ အဓိကအခန်းတွေကို အလွယ်တကူပြင်ဆင်နိုင်ခွင့်တွေ ပြဋ္ဌာန်း ထားမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အသည်းနှလုံးကို အလွယ်တကူ ထုတ်ယူခွင့်ပြုတာနဲ့ အတူတူပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အဲဒီ အရေးကြီးတဲ့ အခန်းတွေကို အလွယ်တကူထုတ်ယူသွားမယ်ဆိုရင် ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ အသက်ဇီဝိန်ချုပ်ငြိမ်းသွားတာနဲ့ အတူတူပဲဖြစ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အရေးကြီးတဲ့ ပြဋ္ဌာန်းချက်အခန်းများကို အလွယ်တကူ ပြင်ဆင်နိုင်ခြင်းမရှိရလေအောင် အမျိုးသားညီလာခံ ကိုယ်စားလှယ် တော်များရဲ့ အမြော်အမြင်ကြီးမားမှုများနဲ့ အကာအကွယ်ပေးတဲ့ပြဋ္ဌာန်းချက် တွေ ချမှတ်ထားရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုလွှတ်တော်မှာ ပါဝင်ကြတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ကလည်း ပြည်သူ့ဆန္ဒ၊ ပြည်သူ့ဘဝနှင့် ပြည်သူ့ သဘောထားတွေကို ပြည်သူနှင့် တစ်ထပ်တည်းခံစားပြီး သိရှိနေကြမှသာ ပြည်သူကို ဦးဆောင်နိုင်မှာ ဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒသဘောထားအတိုင်း ကြိုတင်သိရှိ ပြင်ဆင်ပေးနိုင်မှာ ဖြစ်ပါတယ်။

မကြာသေးမီ အတိတ်သမိုင်းမှာ ပြည်သူ့ဆန္ဒ၊ ပြည်သူ့ဘဝကို ကြိုတင် မသိရှိတဲ့အခြေအနေများကြောင့် မလိုလားအပ်တဲ့ ပြည်သူတချို့ရဲ့ အုံကြွ၊ လှုံ့ဆော်မှုတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ လမ်းမတွေပေါ်ထွက်ပြီး "ဒို့အရေး"လို့ ဟစ်ကြွေးတောင်းဆိုမှုတွေဟာ ပြည်သူတစ်ရပ်လုံးရဲ့ ပြည်သူ့ဆန္ဒအမှန်လို့ ပြောဖို့ အလွန်ခက်ခဲလှပါတယ်။ အချိန်မီပြင်ဆင်ပေးနိုင်ဖို့လည်း အကျပ်အတည်း များစွာနဲ့ ရင်ဆိုင်ခဲ့ကြရပါတယ်။

အဲဒီသမိုင်းသင်ခန်းစာများကိုရယူပြီး နောင်ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ ပြင်ဆင်ခြင်းအခန်းကို အလေးအနက်စဉ်းစားဆုံးဖြတ်ပြဋ္ဌာန်း ချမှတ်ထားမှသာ ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် အရှည်တည်တံ့နေမှာ ဖြစ်ပါတယ်။

ဒါကြောင့်-

"(က) ချမှတ်ခဲ့ပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံ ရမယ့်မူများရှိ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်း တည် ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲ ဖြင့်သာ ပြင်ဆင်ရမည်၊

(ခ) အပိုဒ်(က)တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်း ချက်များကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်၊

(ဂ) အပိုဒ်(က)ပါ အခန်းများနှင့် သက်ဆိုင်အကျုံးဝင်မည့် ပုဒ်မများကို ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲသည့်အခါ ထည့်သွင်းပြဋ္ဌာန်း ရမည်"

လို့ အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြ အပ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

ဒါကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ (၄)ချက်ကို အသေးစိတ် အခြေခံရမယ့်မူ များအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။

အကြံပြုချက်စာတမ်း၏ ကျန်ရှိသောအပိုင်းကို ရောဝတီတိုင်း ကြံခင်း မြို့နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးအုန်းဝင်းက ဆက်လက်ဖတ်ကြားတင်ပြ သွားပါ့မယ်ခင်ဗျား။

လေးစားအပ်ပါသော သဘာပတိကြီးနဲ့တကွ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ရောဝတီတိုင်း ကြံခင်းမြို့နယ်မှ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စား လှယ် ဦးအုန်းဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အကြံပြုချက် စာတမ်းမှာ ပါရှိတဲ့ **"နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း"** အတွက်ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့် မူများနဲ့စပ်လျဉ်း၍ ဆက်လက် ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတိုင်းမှာ နိုင်ငံတော်အလံ၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်သီချင်းနဲ့ မြို့တော်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေမှာသော် လည်းကောင်း၊ ဥပဒေပြုလွှတ်တော်များက သီးခြားဥပဒေ ပြဋ္ဌာန်း၍သော်လည်းကောင်း သတ်မှတ်ဆောင်ရွက်နေကြတာကို လေ့လာ တွေ့ရှိရပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ နိုင်ငံတော်အလံနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်အလံရဲ့ အရွယ်အစား၊ အရောင်နဲ့ အမှတ်အသား သင်္ကေတများကို အသေးစိတ် အချက်အလက်များအဖြစ် ရေးသား ပြဋ္ဌာန်းထားရှိပြီး ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ အလံတော်ရဲ့ ပုံသဏ္ဌာန်ကိုသာ ရေးဆွဲဖော်ပြထားတာ တွေ့ရှိရပါတယ်။ အဲဒီဖွဲ့စည်းပုံအခြေခံ ဥပဒေ နှစ်ခုစလုံးမှာ နိုင်ငံတော်အလံကို အနီရောင်၊ အပြာရောင်နဲ့ အဖြူရောင်များ ကိုသာ သုံးစွဲခဲ့ကြောင်း တွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား-

၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော် အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်း တင်ပြသွား၍ လေ့လာမှတ်သားခဲ့ပါတယ်။

သဘာပတိကြီးခင်ဗျား-

နိုင်ငံတော်အလံသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကို ကိုယ်စားပြု ဖော်ညွှန်းပါတယ်။ နိုင်ငံတော်အလံကိစ္စနှင့်စပ်လျဉ်းပြီး နိုင်ငံတော်အလံရဲ့ ပုံသဏ္ဌာန်ကို နောက်ခံပိတ်ကားပေါ်မှာ (Power Point)စနစ်နဲ့ ဆလိုက်ထိုး ရှင်းလင်းပြသတဲ့အခါမှာ အစိမ်း၊ အဝါ၊ အနီအရောင်သုံးမျိုးကို အလျားလိုက် အချိုးညီမျှစွာ ဖော်ပြထားပြီး ထိပ်ဆုံးအစိမ်းရောင်ရဲ့ လက်ဝဲဘက်တွင် ကြယ်ဖြူ ပွင့်ကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက်ရှိတာကို တလူလူလွင့်လျက် တွေ့ရှိရပါတယ်။

အစိမ်းရောင်ဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ တိုင်းပြည်ဖြစ်ပြီး အေးချမ်း သာယာ၍ စိမ်းလန်းစိုပြည်မှုရှိကြောင်းကိုလည်း အဓိပ္ပာယ်ဆောင်ပါတယ်။ အဝါရောင်ဟာ မင်္ဂလာရှိသော တော်ဝင်အရောင်ဖြစ်ပြီး တိုင်းရင်းသားအားလုံး ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး စုစည်းမှုကို ဖော်ညွှန်းပါတယ်။ အနီရောင်က တော့ ရဲရင့်ခြင်း၊ ပြတ်သားခြင်းဟူသော အဓိပ္ပာယ်ကိုဖော်ဆောင်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်အလံမှာပါရှိမယ့် အရောင်သုံးရောင်ဖြစ်တဲ့ အစိမ်း၊ အဝါ၊ အနီရောင်များဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခဲ့ကြတဲ့ "ဒို့ဗမာ"အစည်းအရုံးရဲ့အလံမှာ အသုံးပြုခဲ့သော အရောင်များဖြစ်သလို၊ ဗမာ့ လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်ရဲ့အလံနဲ့ လက်မောင်း တံဆိပ်များမှာလည်း အသုံးပြုခဲ့တဲ့ အရောင်များဖြစ်ပါတယ်။ ကြယ်ဖြူပွင့်ကြီး ကတော့ ကိုလိုနီနယ်ချဲ့နဲ့ ဖက်ဆစ်တို့ကို ပြည်သူများနှင့် တော်လှန်ခဲ့စဉ်က အသုံးပြုခဲ့တဲ့ အမှတ်အသားဖြစ်သလို ပြည်ထောင်စုကြီးကို ကိုယ်စားပြုတဲ့ အထိမ်းအမှတ်သဘောကို ဖော်ဆောင်ပါတယ်။

ဖတ်ကြား တင်ပြ

ကြံခင်းမြို့နယ်မှ ကိုယ်စားလှယ် ဦးအုန်းဝင်း အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ဒါကြောင့် အဆိုပြုတင်ပြထားသော နိုင်ငံတော်အထိမ်းအမှတ် တံဆိပ် ပုံကိုဖော်ပြပြီး-

"နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်သည် အောက်ဖော်ပြပါအတိုင်း ဖြစ်သည်"

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြ အပ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

နိုင်ငံတော်သီချင်း သတ်မှတ်ရေးအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့် မူနဲ့စပ်လျဉ်းပြီး ဆွေးနွေးတင်ပြလိုပါတယ်။

လက်ရှိအသုံးပြုနေတဲ့ နိုင်ငံတော်သီချင်းဟာ ကျွန်တော်တို့နိုင်ငံ လွတ်လပ် ရေး ရပြီးတဲ့နောက် ရေးဖွဲ့သီဆိုလာခဲ့တာ နှစ်ပေါင်း ၅၈ နှစ်ကျော်ရှိခဲ့ပါပြီ၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ "နိုင်ငံတော်သီချင်းကို ပြည်သူ့လွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းပေးရမယ်။ နိုင်ငံတော်သီချင်းအသစ်ကို ပြည်သူ့လွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းခြင်းမပြုနိုင်မီ လက်ရှိနိုင်ငံတော်သီချင်းကို ဆက်လက် အသုံးပြု ရမယ်" လို့ပြဋ္ဌာန်းခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် လက်ရှိ နိုင်ငံတော် သီချင်းသည် သီဆိုသူပြည်သူများရဲ့ နှလုံးသားထဲမှာ စိမ့်ဝင်စွဲငြိနေတဲ့ နိုင်ငံတော် သီချင်းဖြစ်ပါတယ်။ လက်ရှိ နိုင်ငံတော်သီချင်းကို ပြည်ပနိုင်ငံများမှာ ပြုလုပ် ကျင်းပတဲ့ အားကစားအောင်ပွဲတွေနဲ့ လွတ်လပ်ရေးနေ့ အခမ်းအနားတွေမှာ နားထောင်လိုက်ရရင် ကြက်သီးမွေးညင်းထပြီး ဇာတိသွေး၊ ဇာတိမာန်တွေ နိုးကြား ထကြွလာတာကို ပြည်ပနိုင်ငံများသို့ ရောက်ဖူးသော မြန်မာနိုင်ငံသားများ၊ မြန်မာ့ဂုဏ်ဆောင် အားကစားအဖွဲ့ဝင်များ ကိုယ်တိုင်တွေ့ရှိ ခံစားကြရတာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိနိုင်ငံတော်သီချင်းကို အသုံးပြုခဲ့တာ ရာစုနှစ် တစ်ဝက်ကျော်ပြီ ဖြစ်ပါတယ်။ အမျိုးသားညီလာခံက နိုင်ငံတော်ရဲ့ ဦးတည်ချက်နဲ့ စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ အခြေခံရမယ့်မူများမှာ "နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလ တရားများ ပိုမို ထွန်းကားရေး"ဆိုတဲ့ အခြေခံရမယ့်မူတစ်ရပ် ပါရှိခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတော်၏ ဦးတည်ချက်များတွင် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"တို့ပါရှိပါတယ်။ လက်ရှိ နိုင်ငံတော်သီချင်းမှာ မိမိတို့ရဲ့ ဘိုးဘွားအမွေအနှစ်ဖြစ်တဲ့ ပြည်ထောင်စုကြီး အမြဲတည်တံ့စေဖို့ ထိန်းသိမ်းရေး၊ ပြည်ထောင်စုကို အသက်ပေးကာကွယ်ရေး၊ ပြည်ထောင်စုအကျိုးကို ညီညွတ်စွာထမ်းဆောင်ရေးတို့သည် မိမိတို့၏ တာဝန် ဖြစ်ကြောင်း ဖော်ညွှန်းချက်များ ပါရှိပါတယ်။

ဒါကြောင့် နိုင်ငံတော်သီချင်းအတွက် အသေးစိတ်အခြေခံရမယ့်မူ ချမှတ် ရာမှာ-

"နိုင်ငံတော်သီချင်းအဖြစ် လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြ အပ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ မြို့တော်သတ်မှတ်ရေးအတွက် အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ရေးနဲ့စပ်လျဉ်းပြီး ဆက်လက်ဆွေးနွေး တင်ပြလို ပါတယ်။

နိုင်ငံအတော်များများရဲ့ မြို့တော်များဟာ နိုင်ငံရဲ့အလယ်ဗဟိုမှာ တည်ရှိ ကြတာ တွေ့ရပါတယ်။ နိုင်ငံတိုင်းမှာ ဗဟိုအစိုးရရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်လေ့ရှိပြီး၊ သွားရေးလာရေး အဆင်ပြေပြီး နိုင်ငံတော်ရဲ့ အချက်အချာကျမယ့် နေရာဒေသကို ရွေးချယ်သတ်မှတ်လေ့ ရှိပါတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုရရှိရေးအတွက် လည်းကောင်း၊ ပြည်နယ်၊ တိုင်းအသီးသီး

နိုင်ငံတော်သီချင်းအဖြစ် လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်
နေပြည်တော်သည် နိုင်ငံတော်၏မြို့တော်ဖြစ်သည်

ဒါကြောင့်နိုင်ငံတော်အလံနဲ့စပ်လျဉ်းပြီး-

"၁။ နိုင်ငံတော်အလံကို အောက်ပါအတိုင်း သတ်မှတ်ရမည်-
နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကို အလျားလိုက် အချိုးညီစွာဖော်ပြပြီး အစိမ်းရောင်တွင် လက်ဝဲဘက်၌ ကြယ်ဖြူကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်။
၂။ နိုင်ငံတော်အလံနှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရမည်"

လို့အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြ အပ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်အတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးက အသေးစိတ် ရှင်းလင်းပြောကြားခဲ့ရာ မှာ "အကြံပြုထားတဲ့ နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်"ပုံကိုလည်း နောက်ခံ ပိတ်ကားပေါ်မှာ (Power Point) စနစ်ဖြင့် ဆလိုက်ထိုးပြသပေးခဲ့ပါတယ်။ အဆိုပါအကြံပြုထားတဲ့ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်မှာ ပြည်ထောင်စု မြန်မာ နိုင်ငံရဲ့မြေပုံနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုတဲ့ စာသားများ ထည့်သွင်းပေးထားတာကို တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံက နိုင်ငံတော်နဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့်မူများ ချမှတ်ခဲ့ရာမှာ "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာတည်သည်။ နိုင်ငံတော်ကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဟုခေါ်တွင်မည်"လို့ပါရှိခဲ့ပါတယ်။ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြသခဲ့တဲ့ နိုင်ငံတော်အထိမ်း အမှတ်တံဆိပ်တွင် ချမှတ်ထားရှိပြီးတဲ့ နိုင်ငံတော်နဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့် မူများရဲ့ သဘောထားကို ရှင်းလင်းသော သင်္ကေတ အထိမ်းအမှတ်များဖြင့် ဖော်ညွှန်းထားတာကို တွေ့ရှိရပါတယ်။

တို့နှင့် ဆက်သွယ်ရာတွင် ပိုမိုလွယ်ကူလျင်မြန်စေရန် လည်းကောင်း၊ နိုင်ငံတော်၏ အလယ်တွင်ရှိသော ဒေသကိုရွေးချယ်ပြီး နေပြည်တော် မြို့တော်ကို တည်ဆောက် ပြီး ဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရ၏ ဗဟိုရုံးများဟာ နေပြည်တော် တွင် ရုံးစိုက်လျက် လုပ်ငန်းတာဝန်အဝဝကို ခေတ်မီဖွံ့ဖြိုးတဲ့ နိုင်ငံများနည်းတူ "e-Government"စနစ်ဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါကြောင့်-

"နေပြည်တော်သည် နိုင်ငံတော်၏မြို့တော်ဖြစ်သည်"

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြ အပ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

ဒါကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားခဲ့တဲ့ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းတို့အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ ကိုယ်စားလှယ် များက တညီတညွတ်တည်း သဘောတူညီကြပါသဖြင့် အသေးစိတ်အခြေခံရ မယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။

အကြံပြုချက်စာတမ်း၏ ကျန်ရှိသောအပိုင်းကို မကွေးတိုင်း မင်းလှမြို့နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးမောင်မောင်က ဆက်လက်ဖတ်ကြား တင်ပြသွား ပါ့မယ်ခင်ဗျား။

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်း မင်းလှမြို့နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးမောင်မောင်ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

ဖွဲ့စည်းပုံအခြေခံဥပဒေ မပြဋ္ဌာန်းမီနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းပြီး တဲ့အခါ တည်ရှိလာမယ့် အခြေအနေတွေဟာ တစ်ခုနဲ့တစ်ခု မတူညီကြပါဘူး၊ အသွင်တစ်မျိုးကနေ အခြားအသွင်တစ်မျိုးကို ကူးပြောင်းရမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ဤဖွဲ့စည်းပုံ အခြေခံဥပဒေ၏ နိဒါန်း၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားလုံးစုများ၊ စကားလုံးတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်၊ သဘောအယူအဆများ ဖွင့်ဆိုရာ၌ မြန်မာစာဖြင့် ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမည်

စာမျက်နှာ ၇ မှ

ဒီလိုကူးပြောင်းရာမှာ အဓိကမဏ္ဍိုင်များဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးတို့အပြင် စီးပွားရေး၊ လူမှုရေးအဆောက်အအုံတွေလည်း ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် အကူးအပြောင်းကာလမှာ နိုင်ငံတော်အချုပ်အခြာအာဏာစဉ်ဆက်မပြတ် တည်ရှိနေဖို့နဲ့ ထပ်မံဆောင်ရွက်မယ့် ပဋိညာဉ်၊ တာဝန်၊ ဝတ္တရားများ စဉ်ဆက်မပြတ် တည်ရှိနေစေဖို့ နိုင်ငံက ဆက်ခံခြင်းမူ သဘောတရား (Principle and Theory of State Succession) အရ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းရန် လိုအပ်မှာဖြစ်ပါတယ်။ သို့ပါ၍ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များနဲ့စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်နိုင်ရေးအတွက် တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အာဏာတည်မယ့် နေ့ရက်သတ်မှတ်ထားမှသာ အဲဒီသတ်မှတ်တဲ့ နေ့ရက်ကစတင်ပြီး အာဏာတည်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ရှေ့ဆက်သွားမယ့်မူဝါဒ

ဖတ်ကြား

မင်းလှမြို့နယ်မှ ကိုယ်စားလှယ် ဦးမောင်မောင် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

လမ်းစဉ်(၇)ရပ်ကိုလည်း အတည့်အလင်း ကြေညာထားပြီးဖြစ်သလို အဲဒီလမ်းစဉ်(၇)ရပ်ရဲ့ စတုတ္ထအဆင့်မှာ "ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း"လို့ သတ်မှတ်ထားပြီးဖြစ်ပါတယ်။ သို့ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်ခြင်းနဲ့စပ်လျဉ်းပြီး–

> **"ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းမယ့်လွှတ်တော်များဟာ လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ပြီးမှသာ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးတဲ့အချိန်နဲ့ လွှတ်တော်များ ပေါ်ပေါက်တဲ့အချိန် နှစ်ခုကြားကာလမှာ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ အချုပ်အခြာအာဏာကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ခံကျင့်သုံးပြီး လွှဲပြောင်းပေးမှသာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ နိုင်ငံတော် အာဏာဟာ စဉ်ဆက်မပြတ် လည်ပတ်နိုင်မှာဖြစ်ပါတယ်။ သို့ပါ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာတည်သည့်နေ့မှစပြီး ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေး မကျင်းပမီကာလအတွင်း နိုင်ငံတော်၏အချုပ်အခြာ အာဏာကို ဆက်လက်ခံယူ ကျင့်သုံးနိုင်ရေးနဲ့စပ်လျဉ်းပြီး–

> **"ဤ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ်အစည်းအဝေး မကျင်းပမီ ကာလအတွင်း ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရန်ရှိသည်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်။"**

လို့ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ ပြည်ထောင်စုလွှတ်တော် မပေါ်ပေါက်မီ ပြည်ထောင်စုလွှတ်တော်ကိုယ်စား လိုအပ်တဲ့ ဥပဒေပြုလုပ်ငန်းများဆောင်ရွက်ဖို့ ဆောင်ရွက်ပိုင်ခွင့်ပေးထားရန် လိုအပ်သလို အဆိုပါ ဆောင်ရွက်တဲ့ လုပ်ငန်းရပ်တွေဟာ ဥပဒေဘောင်အတွင်း ကျရောက်စေဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်တယ်လို့ မှတ်ယူဖို့အတွက် ပြဋ္ဌာန်းပေးရန် လိုအပ်ပါတယ်။ သို့ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့် နေ့မတိုင်မီ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ဆောင်ရွက်ချက်များနဲ့ စပ်လျဉ်းပြီး–

> **"ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့ မတိုင်မီကာလတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော် ဦးတည်ချက်များ ထမြောက်အောင်မြင်စေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်များ ချမှတ်ခဲ့ခြင်း၊ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းစတဲ့ ဆောင်ရွက်ချက်များ၊ တာဝန်များနဲ့ ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်က ဆက်ခံကြောင်း မူတစ်ရပ်ချမှတ်ဖို့ လိုအပ်ပါတယ်။ သို့ပါ၍ ယင်းတို့နဲ့စပ်လျဉ်းပြီး–

> **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံသည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းခြင်းမပြုမီ လက်ခံကျင့်သုံးခဲ့တဲ့ တည်ဆဲဥပဒေများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်ခြင်းမရှိပါက ဆက်လက်ကျင့်သုံးရမှာ ဖြစ်သလို၊ လိုက်လျောညီထွေခြင်း မရှိပါက ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းကို ပြည်ထောင်စုလွှတ်တော်က အခါအားလျော်စွာ ပြုလုပ်သွားရမှာ ဖြစ်ပါတယ်။ သို့ပါ၍ တည်ဆဲဥပဒေများနဲ့စပ်လျဉ်းပြီး–

> **"တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းခြင်းမပြုမီ လက်ခံကျင့်သုံးခဲ့တဲ့ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနဲ့ လုပ်ထုံးလုပ်နည်းများဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်း မရှိလျှင် ဆက်လက်အတည်ဖြစ်မှာဖြစ်ပြီး ဆန့်ကျင်ပါက ပယ်ဖျက်ပြင်ဆင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ သို့ပါ၍ ယင်းတို့နဲ့ စပ်လျဉ်းပြီး–

> **"တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေတဲ့ တရားရုံးအားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တရားဥပဒေနဲ့ တရားရုံးသစ်များ မတည်ထောင်သေးသမျှ တရားစီရင်ပိုင်ခွင့် အာဏာများကို ဆက်လက်သုံးစွဲဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ သို့ပါ၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေအာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးအဆင့်ဆင့်ရှိ မှုခင်းများနှင့်စပ်လျဉ်းပြီး–

> **"ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့် တရားရုံးများ မပေါ်ပေါက်မီ ဆက်လက်၍ တရားစီရင်ပိုင်ခွင့် အာဏာများ သုံးစွဲဆောင်ရွက်ရမည်။ အဆိုပါ တရားရုံးများတွင် မပြီးမပြတ် ကျန်ရှိနေသေးသော တရားမမှုများ၊ ပြစ်မှုဆိုင်ရာအမှုများနှင့် အခွန်တော်အမှုများကို အမှုစတင်စစ်ဆေးစဉ်က ကျင့်သုံးသည့် ဥပဒေများနှင့်အညီ ဆက်လက် စစ်ဆေးစီရင်ရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အာဏာပိုင် အဖွဲ့အစည်းများနဲ့ အစိုးရဌာနများရှိ ဝန်ထမ်းများဟာ မိမိတို့လုပ်ငန်းများ အရှိန်မပျက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သလို ၎င်းတို့၏ အလုပ်ခွင် တည်မြဲမှုရှိရန်လည်း လိုအပ်ပါတယ်။ သို့ပါ၍ နိုင်ငံ့ဝန်ထမ်းများနဲ့စပ်လျဉ်းပြီး–

> **"ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာစတင်တည်သည့်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်အောက်၌ ဖွဲ့စည်းထားရှိသည့် တပ်မတော်အပါအဝင် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၌ အမှုထမ်းရွက်ဆဲ ဖြစ်ကြသော နိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်း မပြုသမျှ ဆက်လက်တည်ရှိစေရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဒါကြောင့် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားခဲ့တဲ့ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ(၈)ချက်ကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြအပ်ပါတယ် ခင်ဗျား။

အကြံပြုချက်စာတမ်း၏ ကျန်ရှိသောအပိုင်းကို ပဲခူးတိုင်း၊ ပြည်မြို့နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးတင်စိန်က ဆက်လက်ဖတ်ကြားတင်ပြသွားပါ့မယ်ခင်ဗျား။

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်း၊ ပြည်မြို့နယ်မှ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ် ဦးတင်စိန်ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ယခုဆက်လက် ဖတ်ကြားဆွေးနွေးတင်ပြမှာကတော့ အထွေထွေပြဋ္ဌာန်းချက်များအခန်းနဲ့ စပ်လျဉ်းပြီး ချမှတ်သင့်တဲ့အသေးစိတ်အခြေခံရမယ့်မူများဖြစ်ပါတယ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်ဖွဲ့စည်း တည်ရှိမှုကို ဖော်ညွှန်းတဲ့ "ပင်မဥပဒေ"ဖြစ်ပါတယ်။ ဒါ့အပြင်နိုင်ငံတော်၏အခြားဥပဒေအားလုံးရဲ့ ကျောရိုးမဏ္ဍိုင်ဥပဒေဖြစ်တဲ့အတွက် အခြားဥပဒေအားလုံးဟာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ညီညွတ်ဖို့လိုအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ အခြေခံဥပဒေဖြစ်ကြောင်း ပြဋ္ဌာန်းထားကြပါတယ်။ သို့ပါ၍–

> **"ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်။"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ချမှတ်ခဲ့တဲ့အခြေခံမူများအနက်–

(၁) မြန်မာစာသည်ရုံးသုံးစာဖြစ်သည်၊

(၂) နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြား ဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်။

လို့ပါရှိပါတယ်။

နိုင်ငံတော် အခြေခံမူများကို မြန်မာနိုင်ငံရဲ့ အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေရှိပြီး အနာဂတ်ကာလမှာ နိုင်ငံတော်စည်ပင်အေးချမ်းသာယာရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုရှိရေးတို့အတွက် ရည်ရွယ်ပြီးချမှတ်ခဲ့ကြပါတယ်။ နိုင်ငံတော်အခြေခံမူများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုရာမှာ လမ်းညွှန်များဖြစ်ကြောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာလည်း ထည့်သွင်းပြဋ္ဌာန်းထားကြပါတယ်။

မြန်မာနိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေများမှာ မြန်မာစာကို ရုံးသုံးစာအဖြစ် ပြဋ္ဌာန်းခဲ့ပါတယ်။ မြန်မာစာကို နိုင်ငံတော်အတွင်း နေရာဒေသအနှံ့အပြားမှာ သုံးစွဲလျက်ရှိကြပါတယ်။ ပြည်သူအများနဲ့ အစိုးရအဖွဲ့အစည်းများ ဆက်သွယ်ရာမှာလည်းကောင်း၊ အစိုးရအဖွဲ့အစည်းအချင်းချင်း ဆက်သွယ်ရာမှာလည်းကောင်း တညီတညွတ်တည်းဖြစ်စေရန်နဲ့ အယူအဆမကွဲပြားစေဘဲ ရှင်းလင်းလွယ်ကူစေရန် မြန်မာစာကို ရုံးသုံးစာအဖြစ် ထားရှိခဲ့ခြင်း ဖြစ်ပါတယ်။

တင်ပြ

ပြည် မြို့နယ်မှ ကိုယ်စားလှယ် ဦးတင်စိန် အလုပ်သမားကိုယ် စား လှယ် များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

သို့ပါ၍ အထက်ဖော်ပြပါ ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူနှစ်ရပ်ကို အထွေထွေ ပြဋ္ဌာန်းချက်များအခန်းမှာ အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ပြောင်းရွှေ့ဖော်ပြသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မြန်မာစာမူအပြင် အခြားဘာသာပြန်စာမူများ ရှိစေကာမူ မြန်မာစာမူကိုသာ အတည်ပြုပြဋ္ဌာန်းမှာ ဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိတဲ့ စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုဖို့ အကြောင်းပေါ်လာရင် မြန်မာစာဖြင့် ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုပြဋ္ဌာန်းရမှာ ဖြစ်ပါတယ်။ အလားတူ ပြဋ္ဌာန်းချက်ကို ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ပါရှိပါတယ်။ သို့ပါ၍–

> **"ဤဖွဲ့စည်းပုံ အခြေခံဥပဒေ၏ နိဒါန်း၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားလုံးစုများ၊ စကားလုံးတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်၊ သဘောအယူအဆများ ဖွင့်ဆိုရာ၌ မြန်မာစာဖြင့် ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အတည်ပြုပြဋ္ဌာန်းပေးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်တစ်ခုရဲ့ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာမှာ ကိုးကားဖို့ ဥပဒေတစ်ရပ်လိုအပ်မှာ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် "မြန်မာနိုင်ငံတော် ယေဘုယျစကားရပ်အက်ဥပဒေ"ကို လည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "စကားရပ်များအနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေ"ကို လည်းကောင်း ကိုးကားရမယ်လို့ အသီးသီးပြဋ္ဌာန်းထားပါတယ်။ သို့ပါ၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနဲ့ စပ်လျဉ်းပြီး–

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရမည်

"ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို ကိုးကားရမည်။"

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတစ်ခုရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ အဲဒီနိုင်ငံရဲ့ မော်ကွန်းတင်ရမယ့် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါတယ်။ မိမိတို့နိုင်ငံတွင် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေတစ်ရပ် ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ အဲဒီဥပဒေအရ ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ မြန်မာစာမူကို အမျိုးသားမော်ကွန်းတိုက်မှာ မော်ကွန်းတင်ထားရှိသင့်ပါတယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလည်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့စာမူကို တရားလွှတ်တော်ချုပ်ရဲ့ အတွင်းဝန်ရုံးမှာ မော်ကွန်းတင်ထားရှိဖို့နဲ့ အခြေခံဥပဒေမှာပါရှိတဲ့ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာမှာ တည်စေရမယ်လို့ ဖော်ပြထားပါတယ်။ သို့ပါ၍–

"ဤဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူတစ်ခုကို အမျိုးသားမော်ကွန်းတိုက်တွင် မော်ကွန်းတင်ထားရှိရမည်။ ထိုစာမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာ တည်စေရမည်။"

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ရဲ့အခြေခံရမယ့်မူများတွင် စီးပွားရေးနှင့်စပ်လျဉ်းပြီး "နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက စသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်" လို့ ချမှတ်ခဲ့ပါတယ်။

နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေအရ နိုင်ငံတော်အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိကြောင်း သတ်မှတ်ထားတဲ့ စီးပွားရေးလုပ်ငန်းများအနက် တစ်ခုခုကို နိုင်ငံတော်ရဲ့ အကျိုးစီးပွားအလို့ငှာ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းတစ်ခုခုက အစိုးရနှင့် ဖက်စပ်လုပ်ကိုင်ရန် စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုနိုင်ပါတယ်။

ယခုအခါ နိုင်ငံတော်အစိုးရနဲ့ အကျိုးတူဖက်စပ်ဖြစ်စေ၊ နိုင်ငံတော်က သတ်မှတ်ပေးတဲ့ စည်းကမ်းများနဲ့အညီဖြစ်စေ ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များနဲ့ လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ စီးပွားရေးလုပ်ငန်း အများအပြား ရှိနေပြီဖြစ်ပါတယ်။ သို့ပါ၍–

"ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ–

(က) တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန် ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်။

(ခ) သမဝါယမအဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်။

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့ချုပ်ဆိုအတည်ဖြစ်ခဲ့တဲ့ စာချုပ်များ၊ သဘောတူညီချက်များမှ ပေါ်ထွက်လာတဲ့ တရားမျှတတဲ့တာဝန်များကို အခြားနိုင်ငံက လေးစားပါက နောင်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ဖြစ်ပေါ်လာမယ့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေနဲ့လည်း လေးစားရမှာ ဖြစ်ပါတယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေမှာ အလားတူပြဋ္ဌာန်းထားပါတယ်။ သို့ပါ၍–

"ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကာလက ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ဖြစ်ခဲ့သော စာချုပ်များအရ သော်လည်းကောင်း၊ သဘောတူညီချက်များအရ သော်လည်းကောင်း ပေါ်ထွက်လာသော တရားမျှတသည့် တာဝန်များကို အဆိုပါ အခြားနိုင်ငံကလည်း ပြည်ထောင်စုမြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ထားရှိအပ်သော ပဋိညာဉ်များကို လေးစားပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကလည်း လေးစားသည်"

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် အာဏာမတည်မီက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့ ချုပ်ဆိုထားခဲ့တဲ့ ပဋိညာဉ်များ၊ တာဝန်များနဲ့ပတ်သက်လို့ နစ်နာမှုအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအပေါ် တရားစွဲဆိုရန် အကြောင်းရှိခဲ့လျှင် အဲဒီအခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ဖြစ်ပေါ်လာတဲ့ ပြည်ထောင်စုအစိုးရအား တရားစွဲဆိုခွင့် ပေးသင့်ပါတယ်။ ထို့အတူ တရားစွဲဆိုနိုင်တဲ့ အခွင့်အရေးကို ပြည်ထောင်စုအစိုးရက ရရှိခဲ့လျှင်လည်း သက်ဆိုင်ရာအပေါ် တရားစွဲဆိုခွင့် ရှိစေသင့်ပါတယ်။ အဲဒီလို အခွင့်အရေးများကို ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာလည်း အလားတူ ပြဋ္ဌာန်းထားပါတယ်။ သို့ပါ၍–

"(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီက ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် ချုပ်ဆိုထားရှိခဲ့သော ပဋိညာဉ်များနှင့် စပ်လျဉ်း၍ဖြစ်စေ၊ တာဝန်များနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအား တရားစွဲဆိုနိုင်သော အခွင့်အရေးအရ တရားစွဲဆိုရန် ပေါ်ပေါက်ခဲ့လျှင် ပြည်ထောင်စုအစိုးရအား တရားစွဲဆိုနိုင်သည်။

(၂) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏အမည်ဖြင့် တရားစွဲဆိုနိုင်သည်။ ထိုနည်းတူပင် တရားစွဲဆိုခြင်းကို ခံနိုင်သည်"

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရေးဟာ ကျွန်တော်တို့နိုင်ငံရဲ့ ယခင်ဖွဲ့စည်းပုံ အခြေခံဥပဒေများမှာ မပါရှိခဲ့ပါဘူး။ ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီး အရှည်ခံ၍ တည်တံ့စေရေးနဲ့ အခြေခံဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ကြရေးအတွက် အမှန်တကယ် လိုအပ်လျက်ရှိကြောင်းကို ကျွန်တော်တို့အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က လေ့လာတွေ့ရှိကြပါတယ်။ ဒါကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဦးရေသတ်မှတ်ရေး၊ ရွေးချယ်တာဝန်ပေးရေး၊ အဖွဲ့ဝင်များရဲ့ အရည်အချင်းများ သတ်မှတ်ရေး၊ အဖွဲ့ဝင်များ သက်တမ်းသတ်မှတ်ရေး စသည်တို့ လိုအပ်မှာ ဖြစ်ပါတယ်။

ဖတ်ကြားတင်ပြ

မော်လမြိုင်မြို့နယ်မှ ဦးဉာဏ်ဦး အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့ လုပ်ငန်းတာဝန်များသည် အထူးပင် အရေးကြီးပါတယ်။ ခုံအဖွဲ့ဝင်အဖြစ် တာဝန်ပေးရာမှာ အသက်ငယ်လွန်းသူ မဖြစ်စေဘဲ၊ အသက်(၅၀)ပြည့်ပြီး၊ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများရဲ့ သတ်မှတ်အရည်အချင်းများနဲ့ ပြည့်စုံသူ ဖြစ်သင့်ပါတယ်။ ခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းသင့်ပါတယ်။ အဖွဲ့ဝင်ရွေးချယ်ရာမှာ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က အဖွဲ့ဝင်(၃)ဦးစီကို လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေ ရွေးချယ်ပြီး ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီမှုကို ရယူသင့်ပါတယ်။ သို့ပါ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရေး၊ အဖွဲ့ဝင်များ ခန့်ထား တာဝန်ပေးရေး၊ အဖွဲ့ဝင်များရဲ့ အရည်အချင်းများနဲ့ စပ်လျဉ်းပြီး အောက်ပါအသေးစိတ် အခြေခံရမယ့်မူများ ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်–

"၁။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းရမည်။ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့သည် လွှတ်တော် ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူများအနက်မှ အဖွဲ့ဝင်(၃)ဦးစီကို ရွေးချယ်ရမည်–

(က) အသက်(၅၀)နှစ် ပြည့်ပြီးသူ၊

(ခ) အသက် ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ၊

(ဂ) အသက်ကန့်သတ်ချက်မှအပ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ၊

(ဃ) နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေးအမြင်ရှိသူ၊

(င) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊

၂။ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့်အဖွဲ့ဝင်(၃)ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦး စုစုပေါင်း (၉)ဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၏ အရည်အချင်းနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက စုစည်းအမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်များအား ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။

၄။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ ဝင်အဖြစ်ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် မရရှိသည့် အဖွဲ့ဝင်နေရာအတွက် အမည်စာရင်းသစ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

၅။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရမည်။"

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့သက်တမ်းကို ပြည်ထောင်စု လွှတ်တော်သက်တမ်းလိုပဲ(၅)နှစ် သတ်မှတ်သင့်ပါတယ်။ သို့သော်လည်း သက်တမ်း ကုန်ဆုံးပြီးနောက် ခုံရုံးအသစ်ဖွဲ့စည်းပြီးသည့် အချိန်အထိ ဆက်လက်ထမ်းဆောင်စေသင့်ပါတယ်။ သို့ပါ၍–

"ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီ (၅)နှစ် ဖြစ်သည်။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအသစ်ဖွဲ့စည်းပြီးသည့်အချိန်အထိ မိမိ၏ လုပ်ငန်းတာဝန်များကို ဆက်လက် တာဝန်ထမ်းဆောင်ရမည်။"

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြ အပ်ပါတယ်။

အကြံပြုချက်စာတမ်း၏ ကျန်ရှိသော အပိုင်းကို မွန်ပြည်နယ် မော်လမြိုင်မြို့နယ်မှ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ် ဦးဉာဏ်ဦးက ဆက်လက်ဖတ်ကြားတင်ပြသွားပါ့မယ်ခင်ဗျား။

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးဉာဏ်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အကြံပြုချက်စာတမ်းရဲ့ ကျန်ရှိတဲ့အပိုင်းများကို ဆက်လက်ဖတ်ကြားတင်ပြသွားပါ့မယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်အဖြစ် တာဝန်ပေးခြင်းခံရသူသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့ရင် ကိုယ်စားလှယ်အဖြစ်က နုတ်ထွက်ပေးဖို့နဲ့ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင်လည်း အငြိမ်းစားယူဖို့ဖြစ်ပါတယ်။ ခုံရုံးအဖွဲ့ဝင်သည် နိုင်ငံရေးဘက်လိုက်မှုကင်းရှင်းဖို့ လိုအပ်တာကြောင့် နိုင်ငံရေးပါတီဝင် တစ်ဦးဖြစ်ရင် မိမိရာထူးသက်တမ်းအတွင်း ပါတီလုပ်ငန်းများကို ဆောင်ရွက်ခွင့် မပြုသင့်ပါ။ ခုံရုံးအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုပါက သမ္မတထံ စာဖြင့်တင်ပြပြီး နုတ်ထွက်ခွင့်ပေးသင့်ပါတယ်။

သို့ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတွင် အဖွဲ့ဝင်အဖြစ်တာဝန်ပေး ခန့်ထားခြင်းနဲ့စပ်လျဉ်းပြီး အောက်ပါ အသေးစိတ်အခြေခံရမယ့်မူများချ မှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

"၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးသည်–

(က) လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်ဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ တည်ဆဲ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းအဖြစ်မှ အငြိမ်းစား ယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) နိုင်ငံရေးပါတီ တစ်ခုခု၌ အဖွဲ့ဝင်ဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီ အဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် တစ်ဦးဦးသည် ရာထူးသက်တမ်း မကုန်ဆုံးမီ အကြောင်း တစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၃။ အကြောင်းတစ်ခုခုကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ရာထူးနေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်။"

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးသည် နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်း၊ ဥပဒေလိုက်နာခြင်း၊ အကျင့်စာရိတ္တကောင်းခြင်း ဟူသော အရည်အချင်းများ ရှိဖို့လိုအပ်ပါတယ်။ ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ဖြစ်စေ၊ အခြေခံဥပဒေမှာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ခုံရုံးအဖွဲ့ဝင် အရည်အချင်း ပျက်ယွင်းလျှင်ဖြစ်စေ၊ အဲဒီအဖွဲ့ဝင်ကို စွပ်စွဲပြစ်တင်ခွင့် ရှိသင့်ပါတယ်။ စွပ်စွဲပြစ်တင်ရာမှာ ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်းနဲ့ဆိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်သင့်ပါတယ်။

သို့ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် တစ်ဦးအပေါ် စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်–

"၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် တစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်–

(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာပျက်ပြားခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၏ အရည်အချင်း ပျက်ယွင်းခြင်း၊

(င) ပေးအပ်ထားသော တာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်း၊

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။"

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးနဲ့စပ်လျဉ်းပြီး အခြေခံမူများ ချမှတ်ထားခဲ့ပါတယ်။ အဲဒီအခြေခံမူများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးက ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်များ ပါဝင်ပါတယ်။ အဲဒီ လုပ်ငန်းတာဝန်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့လုပ်ငန်းတာဝန်များအဖြစ် အသေးစိတ်အခြေခံရမယ့်မူများ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦး စုစုပေါင်း (၉)ဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်။

စာမျက်နှာ ၉ မှ

ချမှတ်ရာမှာ ဆီလျော်သလို ပြောင်းရွှေ့ဖော်ပြပေးသင့်ပါတယ်။ ပြည်ထောင်စုနယ်မြေများနဲ့ စပ်လျဉ်းတဲ့ အကြောင်းကိစ္စရပ်များကို နိုင်ငံတော်သမ္မတက အကြောင်းကြားလာရင်လည်း စိစစ်ဆုံးဖြတ်ပေးဖို့ ထည့်သွင်းသတ်မှတ်ပေးသင့်ပါတယ်။

သို့ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်–

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

“၁။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

၂။ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့က ပြဋ္ဌာန်းသည့် ဥပဒေများသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ခြင်း၊

၃။ ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ခြင်း၊

၄။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု အချင်းချင်းဖြစ်ပေါ်သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

၅။ တိုင်းဒေသကြီး ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့က ပြည်ထောင်စု ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့၏ အခွင့်အရေးနှင့် တာဝန်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်သည့် အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

၆။ ပြည်ထောင်စုနယ်မြေများနှင့် စပ်လျဉ်း၍ နိုင်ငံတော် သမ္မတက အကြောင်းကြားလာသည့် ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊

၇။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေများက ပေးအပ်သည့် လုပ်ငန်းတာဝန်များ။”

သဘာပတိကြီးခင်ဗျား–

တရားရုံးတစ်ရုံးက မိမိစစ်ဆေးစီရင်တဲ့အမှုတွင် ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ အငြင်းပွားလာရင် အဲဒီအငြင်းပွားမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကသာ ဆုံးဖြတ်ပေးသင့်ပါတယ်။ အငြင်းပွားမှုနဲ့ စပ်လျဉ်းပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့ ဆုံးဖြတ်ချက်သည် အမှုအားလုံးနဲ့ သက်ဆိုင်သင့်တဲ့အပြင် အပြီးအပြတ် အတည် ဖြစ်စေသင့်ပါတယ်။

သို့ပါ၍ တရားရုံးတစ်ရုံးက အမှုကိုစစ်ဆေးရာမှာ ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ အငြင်းပွားမှုပေါ်ပေါက်ခြင်းနဲ့ စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့် မူများချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်–

“၁။ တရားရုံးတစ်ရုံးသည် အမှုတစ်မှုကိုစစ်ဆေးစီရင်ရာတွင် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်မှု ရှိ၊ မရှိ၊ ညီညွတ်မှု ရှိ၊ မရှိ အငြင်းပွားမှုပေါ်ပေါက်ပါက ထိုအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကလည်း တစ်စုံတစ်ရာ ဆုံးဖြတ်ချက် ချမှတ်ထားခြင်း မရှိသေးလျှင် အဆိုပါတရားရုံးသည် အမှုစစ်ဆေးစီရင်ခြင်းကို ရပ်ဆိုင်းထားပြီး မိမိ၏ထင်မြင်ချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးသို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။ ယင်းအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်။

၂။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။”

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေ အဓိပ္ပာယ်ဖွင့်ဆိုရေး တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီကိစ္စအတွက် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌတို့က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တိုက်ရိုက်တင်သွင်းခွင့် ရှိပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့ဥက္ကဋ္ဌနဲ့ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေအားလုံးရဲ့ အနည်းဆုံး (၁၀)ရာခိုင်နှုန်းက ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့ အဆိုပြုတဲ့ကိစ္စမှာ တိုက်ရိုက်တင်သွင်းခွင့်မပေးဘဲ သတ်မှတ်ထားတဲ့ နည်းလမ်းများနဲ့ အညီသာ တင်သွင်းခွင့်ရှိသင့်ပါတယ်။

သို့ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုရေးနဲ့ စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်–

“၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန် ကိစ္စများကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တိုက်ရိုက် တင်သွင်းခွင့်ရှိသည်–

(က) နိုင်ငံတော်သမ္မတ

(ခ) ပြည်ထောင်စုလွှတ်တော်နာယက

(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ

(ဃ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ

(င) ပြည်ထောင်စုတရားသူကြီးချုပ်

(စ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ

၂။ အောက်ပါပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန် ကိစ္စများကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တင်သွင်းခွင့်ရှိသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့ဥက္ကဋ္ဌ

(ဃ) ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ အနည်းဆုံး (၁၀)ရာခိုင်နှုန်း အရေအတွက်ရှိသော ကိုယ်စားလှယ်များ။”

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းခြင်း၊ အခြားအဖွဲ့အစည်းများနဲ့ ဆက်သွယ်မှုများ၊ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များအတွက် လိုအပ်တဲ့ဥပဒေကို ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းပေးရမှာဖြစ်ပါတယ်။ အဲဒီလို ဥပဒေပြဋ္ဌာန်းတဲ့အခါ ခုံရုံးဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်ပြီး၊ ခုံရုံးအဖွဲ့ဝင်များကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သင့်ပါတယ်။

သို့ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအတွက် လိုအပ်တဲ့ဥပဒေပြဋ္ဌာန်းပေးရာတွင် ခုံရုံးဥက္ကဋ္ဌနဲ့အဖွဲ့ဝင်များရဲ့ အဆင့်သတ်မှတ်ရေးတို့နဲ့ စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်–

“၁။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဖွဲ့စည်းမှု၊ ဆက်သွယ်မှု၊ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ စသည်တို့ကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

၂။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ခုံရုံးဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်။ ခုံရုံးအဖွဲ့ဝင်ကို ပြည်ထောင်စု ဝန်ကြီးအဆင့် သတ်မှတ်သည်။”

သဘာပတိကြီးခင်ဗျား–

ဒါကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူ (၂၆)ချက်ကိုလည်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူ (၄)ချက်၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ (၄)ချက်၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူ(၈)ချက်၊ အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ (၂၆)ချက်တို့ကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးက အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်နိုင်ရန် အမျိုးသားညီလာခံ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ ကိုယ်စားလှယ်များအားလုံးက တညီတညွတ်တည်း သဘောတူညီကြပါကြောင်း တင်ပြရင်း အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သာကေတမြို့နယ် ရွှေခင်းသာရပ်ကွက် နတ်မောက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုသလ မဟာထေရ်အား ပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဟန်တင် ဒီဇင်ဘာ ၃၀ရက် နံနက်ပိုင်းက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (၂၅၈)

အမတဂဝေသီဓမ္မာရုံ၌ တရားတော်များ ဟောကြားကြမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

သာကေတမြို့နယ် အနော်မာရပ်ကွက်မြောက်ပိုင်း အမတဂဝေသီဓမ္မာရုံတွင် အကျိုးတော်ဆောင် ဂေါပကများ ဦးဆောင်၍ နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော တရားပွဲတော် ဓမ္မသဘင်တွင် ဇန်နဝါရီ၆ရက်၌ ကိုးဘွဲ့ရ အရှင် အာစရာလင်္ကာရက ညနေ၄နာရီမှ ၅နာရီ ကလေးအထူးတရားပွဲ ဇန်နဝါရီ ၆ရက် ည၇နာရီတွင် ပါဠိပါဌ်ကာရီဆရာတော်ဘဒ္ဒန္တအဂ္ဂိသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဇန်နဝါရီ ၇ရက်တွင် ဘဒ္ဒန္တခေမာသီရိ (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေပြည်ဟိန်း)၊ ဇန်နဝါရီ ၈ရက်တွင် ဘဒ္ဒန္တဂုဏိန္ဒ (ဓမ္မာစရိယ–ဆင်ဖြူတောင်)၊ ဇန်နဝါရီ၉ရက်တွင် ဘဒ္ဒန္တဥတ္တမာစာရ၊ (မြတမာဆရာတော်)၊ ဇန်နဝါရီ၁၀ရက်တွင် ဒေါက်တာ ဘဒ္ဒန္တကောဝိဒ (မချိုမဂုဏ်ရည်ဆရာတော်)၊ ဇန်နဝါရီ ၁၁ရက်တွင် ဘဒ္ဒန္တက္ကန္ဒက (ဓမ္မကထိက ဗဟုဇနဟိတဓရ တွံတေးဆရာတော်)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားကြမည်ဟု သိရသည်။ **(က–ပ)**

Stainless Steel အနုပညာလက်ရာများ ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၃၁

ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ရုပ်ရှင်သရုပ်ဆောင် သျှားညို၏ Stainless Steel အနုပညာလက်ရာများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ညနေ ၄နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက် ညွှန့်ခန်းမ၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်၍ လက်ခံသည်။ **(အောက်ပုံ)**

လှူဒါန်းပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရုပ်ရှင်သရုပ်ဆောင် သျှားညိုနှင့် မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရုပ်ရှင်သရုပ်ဆောင် သျှားညိုက အနုပညာ လက်ရာများ ပေးအပ်လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ယဉ်ကျေးမှု ဝန်ကြီးဌာနသို့ ရုပ်ရှင်သရုပ်ဆောင် သျှားညိုက Stainless Steel အနုပညာလက်ရာများကို ပေးအပ်လှူဒါန်းရာ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ဂုဏ်ပြုကျေးဇူးတင်စကား ပြောကြားသည်။

ရှင်းလင်းပြသ

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် ရုပ်ရှင်သရုပ်ဆောင် သျှားညို၏ တစ်ကိုယ်တော် Project Pre-Show ပြပွဲ ပြခန်းအတွင်း ခင်းကျင်းပြသထားသော Stainless Steel ဖြင့် ပြုလုပ်ထားသည့် အနုပညာလက်ရာများကို လှည့်လည်ကြည့်ရှု အားပေးရာ ရုပ်ရှင်သရုပ်ဆောင် သျှားညိုက ပြကွက်ကဏ္ဍအလိုက် ရှင်းလင်းပြသသည်။

အဆိုပါ ရုပ်ရှင်သရုပ်ဆောင် သျှားညို၏ တစ်ကိုယ်တော် အနုပညာလက်ရာများ ပြပွဲကို ဒီဇင်ဘာ၃၁ရက်အထိ နေ့စဉ် နံနက်၉နာရီမှ ညနေ ၄နာရီအတွင်း အမျိုးသားပြတိုက်၌ ပြသခဲ့ပြီး ဇန်နဝါရီ၁ရက် **(ယနေ့)** တွင် ရန်ကုန်မြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပုပ္ပား–၂ မိုးကုတ်ဝိပဿနာ ၁၀ရက် တရားစခန်းပွဲ

ရန်ကုန် ဒီဇင်ဘာ ၃၁

မြောက်ဥက္ကလာပမြို့နယ် ည/ရပ်ကွက် ပုပ္ပား–၂ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ (၁၄၆)ကြိမ်မြောက် တရားစခန်းပွဲတွင် ပုပ္ပား–၂ မိုးကုတ်ဝိပဿနာကျောင်း ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား–၃ မိုးကုတ်ဝိပဿနာကျောင်း ဆရာတော်ဘဒ္ဒန္တဇာဂရေ (ဓမ္မာစရိယ မဟာဓမ္မာစရိယ)တို့က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများအနေဖြင့် ဇန်နဝါရီ ၁၆ရက် (အင်္ဂါနေ့) ညနေအရောက်လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၆၉၀၀၅၉သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

● *ကျောဖုံးမှ*

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် လှိုင်မြို့နယ်ရှိ ကမ္ဘောဇလှိုင် သစ်အချောထည်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း သစ်အချောထည်ပစ္စည်းများ ထုတ်လုပ်နေမှု၊ ပြည်ပနိုင်ငံများသို့ တင်ပို့ရန် ထုပ်ပိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ စက်ရုံသည် ကျွန်း၊ ပျဉ်းကတိုး၊ ထောက်ကြံ့ သစ်ခွဲသားများနှင့် ပရိဘောဂများကို ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည် ရွှေပြည်သာမြို့နယ် ဒိုင်းမွန်းမာကျူရီ သစ်အချောထည်စက်ရုံသို့ ရောက်ရှိရာ စက်ရုံမန်နေဂျင်းဒါရိုက်တာ ဦးစိန်လွင်က စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် သစ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း ပြည်ပတင်ပို့ရန် ထုပ်ပိုးထားမှု၊ သစ်ခွဲစိတ် လည်ပတ်ပုံအဆင့်ဆင့်၊ သစ်အချောထည် ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစက်ရုံသည် ကျွန်းခွဲသားနှင့် ပါကေးတို့ကို အီတလီ၊ ပြင်သစ်၊ ဟော်လန်၊ ဂရိနှင့် မလေးရှား နိုင်ငံများသို့ တင်ပို့ရောင်းချနေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးညှင်းဝိပဿနာတိုက်သစ် အလှူငွေပေးအပ်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း ရွှေ(၂) ရပ်ကွက် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ ဘက်စုံပြုပြင် အသစ်တစ်ဖန်ဆောက်လုပ် လှူဒါန်းနေသော ရွှေရတုစိန်တိုး နှစ်ထပ် ကျောင်းဆောင်တော်ကြီးအတွက် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၄ရက်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းဒါယကာ၊ ဒါယိကာမများအား တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်ခင်သန်းနွဲ့နှင့် အဖွဲ့ဝင်များ ၂၀၀၆ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၀၆ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၂နာရီခွဲက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပသည်။

တက်ရောက်

ဆုချီးမြှင့်ပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်ခင်သန်းနွဲ့၊ နာယကများ၊ ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နည်းပြများ၊ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင် အမျိုးသမီးလေးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အစီအစဉ်အရ ဆုချီးမြှင့်ပွဲကို ကျင်းပရာ အထူးဆုရရှိသော ပြည်နယ်နှင့်တိုင်းများအား မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယကများ ဖြစ်ကြသော ဒေါ်မြသီဂီ၊ ဒေါ်တင်တင်နွဲ့၊ ဒေါ်နီလာသော်၊ ဒေါ်မြင့်မြင့်စိုးနှင့် ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်တို့က လည်းကောင်း၊ အမျိုးသမီးကိုးယောက်တွဲပြိုင်ပွဲနှင့် သုံးယောက်တွဲပြိုင်ပွဲ တို့တွင် တတိယဆုရ မန္တလေးတိုင်း၊ ဒုတိယဆုရ ကချင်ပြည်နယ်နှင့် ပထမဆုရ ရန်ကုန်တိုင်းတို့အား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဒေါ်ခင်မာအေးနှင့် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးတို့က လည်းကောင်း၊ တစ်ဦးချင်းစိတ်ကြိုက်စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းမှ မဖူးသန့်စင်အောင်၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မခင်သဥ္ဇာသိန်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မနှင်းပန်းခိုင်တို့အား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သန်းနွဲ့က လည်းကောင်း၊ တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းရရှိသော ရန်ကုန်တိုင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌကိုယ်စား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လည်းကောင်း ဆုများအသီးသီး ချီးမြှင့်ကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်က အလှူငွေကျပ် ငါးသောင်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးက လက်ခံပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နေပြည်တော် ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲတွင် ပြသထားသော ပြခန်းများကို ကျောင်းသားကျောင်းသူများ၊ ပြည်သူများ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ယာဉ်နှင့်လမ်းစည်းကမ်း အသိပညာပေးပြပွဲ ကြည့်ရှုလေ့လာသူများဖြင့် စည်ကား

နေပြည်တော် ဒီဇင်ဘာ ၃၁

နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးပြပွဲကို ယနေ့နံနက်၇နာရီက နောက်ဆုံးနေ့အဖြစ် ခင်းကျင်းပြသရာ နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနာယက နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် အားပေးကြည့်ရှုသည်။

ကြည့်ရှုလေ့လာ

အဆိုပါ အသိပညာပေးပြပွဲသို့ နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ စုစုပေါင်းသုံးသောင်းကျော်တို့ လာရောက်ကြည့်ရှုလေ့လာကြသည်။

အသိပညာပေးပြပွဲ၏ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြခန်းတွင် ကုန်တင်မော်တော်ယာဉ်များ ကုန်စည်တင်ပြီး မောင်းနှင်ရာတွင် ယာဉ်ပေါ်မှ အစွန်းထွက်မှု သတ်မှတ်ချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ဖြေရှင်းမှုပြကွက်၊ ၂၀၀၅ခုနှစ်အတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့များတွင်ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုစာရင်းဇယားများ၊ မြေပုံများပြကွက်၊ မော်တော်ယာဉ်များ မီးခိုးထွက်ရှိမှုနှင့် အသံဆူညံမှု စစ်ဆေးခြင်းမှတ်တမ်းဓာတ်ပုံများ၊ မော်တော်ယာဉ်များ မီးခိုးထုတ်လွှတ်မှုကန့်သတ်ချက်၊ အသံဆူညံမှုကန့်သတ်ချက်၊ အာဆီယံစံနှုန်းကန့်သတ်ချက်များ အရ စစ်ဆေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ၂၀၀၆ခုနှစ်တွင် မှတ်ပုံတင်ထားသည့် ယာဉ်မောင်း သင်တန်းကျောင်းများ၏ အမည် စာရင်းပြကွက်၊ ခရီးသည်တင်ယာဉ်၊ နောက်တွဲယာဉ်၊ ကုန်တင်ယာဉ်၊ ထရော်လာဂျီများ၌ တပ်ဆင်ရမည့် ရောင်ပြန်ပြားနမူနာများ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသော ဖောင်းကြွစာလုံးပါ မော်တော်ယာဉ်နံပါတ်ပြား အမျိုးမျိုး နမူနာများကို ပြသထားသည်။

မြို့ပတ်ယာဉ်လမ်းကြောင်း

အလားတူ မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးပြခန်းတွင် **"သွားလာလွယ်ကူ ဒို့ပြည်သူ၊ ကြိုးစားလုပ်ရှား မထသအဖွဲ့များ"** ဆောင်ပုဒ်နှင့်အညီ ကော်မတီ၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းဆောင်ရွက်မှုများပြကွက်၊ ဘေးကင်းစွာဖြင့် နောက်မှမောင်းနှင်ခြင်း၊ သင်၏ခရီးစဉ်သာယာစေရန်နှင့် **"မီးနီကို သတိထား သင့်ဘဝပြောင်းလဲနိုင်တယ်"** ပြကွက်၊ **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ"** ခေါင်းစဉ်ဖြင့် ယာဉ်အန္တရာယ်အသိပညာပေး ရုပ်ပြကာတွန်းပြကွက်၊ နေပြည်တော်မှ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်များသို့ ပြေးဆွဲလျက်ရှိသော Hilux၊ Dyna ယာဉ်များ၏ ခရီးစဉ်အခြေပြ လမ်းကြောင်းနှင့် မြေပုံပြကွက်၊ နေပြည်တော်တွင်း ပြေးဆွဲနေသည့် မြို့ပတ်ယာဉ်လိုင်းလမ်းကြောင်းနှင့် မြေပုံတို့ကို ပြသထားသည်။

ထို့အတူ တော်ဝင်မြို့တွင်းခရီးသည် ပို့ဆောင်ရေးလုပ်ငန်းပြခန်းတွင် တော်ဝင်၏တစ်နေ့တာမှတ်တမ်းကို ဗီဒီယိုဖြင့်လည်းကောင်း၊ တော်ဝင်ယာဉ်လိုင်းဝန်ထမ်းများ၏ လူမှုရေး၊ ဘာသာရေး၊ အားကစားပါဝင်လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ယာဉ်လိုင်းပြေးဆွဲမှု အခြေပြလမ်းကြောင်းမြေပုံများကိုလည်းကောင်း ပြသထားသည်။

ခင်းကျင်းပြသ

အလားတူ ခရိုင်ကျန်းမာရေးဦးစီးဌာနပြခန်းတွင် လမ်းညွှန်များပြကွက်၊ ယာဉ်မောင်းသူ၊ ခြေကျင်လျှောက်သူ၊ စက်ဘီးနှင့်မော်တော်ဆိုင်ကယ်စီးသူများ၊ တက္ကစီသုံးဘီးယာဉ်၊ စီးလုံးငှားယာဉ်များ စသည်တို့လိုက်နာရန်စည်းကမ်းများကို ဓာတ်ပုံ၊ ပန်းချီ၊ စာတန်းများဖြင့် ခင်းကျင်းပြသထားသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနပြခန်း၌ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၏ အိမ်တွင်း လက်မှုပစ္စည်းများ ပြကွက်၊ အခြေခံပညာ ကျောင်းသုံးစာအုပ်များပြကွက်၊ သိပ္ပံလက်တွေ့ အသုံးပြုကိရိယာများ၊ စာအုပ်စာတမ်းများကို ခင်းကျင်းပြသထားသည်။

ထို့အတူ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနပြခန်းတွင် ဌာန၏နောက်ခံသမိုင်း၊ ရည်မှန်းချက်၊ ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အားပြကွက်၊ စက်တပ်ယာဉ်များ၏ လုပ်ငန်းလိုင်စင်ဆိုင်ရာ ဥပဒေများ၊ လုပ်ငန်းလိုင်စင်သတ်မှတ်နှုန်းထားများ၊ စည်းကမ်းသတ်မှတ်ချက်များ၊ နှစ်စဉ်သက်တမ်းတိုးရာတွင် လိုအပ်သည့် အချက်အလက်များကို စာတန်းများ၊ ဓာတ်ပုံမှတ်တမ်းများဖြင့် ခင်းကျင်းပြသထားသည်။

စည်ကား

ထို့အပြင် ရန်ကုန်စက်မှုဇုန်၊ မန္တလေး စက်မှုဇုန်၊ မိတ္ထီလာစက်မှုဇုန်၊ မြင်းခြံ စက်မှုဇုန်နှင့် မော်လမြိုင်စက်မှုဇုန်တို့မှ လုပ်ငန်းရှင် စုစုပေါင်း ၃၀တို့ ထုတ်လုပ်သည့် မော်တော်ယာဉ်များကိုလည်းကောင်း၊ပြပွဲသို့လာရောက်ကြည့်ရှုအားပေးကြသူများအား အနုပညာဦးစီးဌာနက အကနှင့် အငြိမ့်၊ ကြော်ငြာသရုပ်ဆောင်များ၏ တေးသရုပ်ဖော်အစီအစဉ်နှင့် တေးသံရှင်များက တေးသီချင်းများဖြင့်လည်းကောင်း၊ ကုမ္ပဏီများ၊ ပုဂ္ဂလိက အရောင်းပြခန်းများကလည်း နှစ်သစ်အကြို အရောင်းမြှင့်တင်ပွဲများ၊ အထူးဈေးနှုန်းများဖြင့်လည်းကောင်း ရောင်းချပေးရာ ဝယ်ယူကြည့်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ယနေ့သည် ပြပွဲ၏နောက်ဆုံးနေ့အစီအစဉ်ဖြစ်သည်နှင့်အညီ ကြည့်ရှုလေ့လာသူများဖြင့် အထူးစည်ကားလျက်ရှိရာ နေပြည်တော်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီက အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဝေငှပေးသည်။

ဂုဏ်ပြုဆုချီးမြှင့်

အသိပညာပေးပြပွဲ၌ ယနေ့ညနေပိုင်းတွင် တာဝန်ရှိသူများက ပြပွဲတွင် ပါဝင်ကူညီ လုပ်အားပေးခဲ့ကြသော အဖွဲ့အစည်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်းသိရသည်။ **(သတင်းစဉ်)**

❐ *ကျောဖုံးမှ*

ထိုမှတစ်ဆင့် ဝန်ကြီးသည် အင်းစိန်မြို့နယ် အောင်ဆန်းရှိ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကုန်ထုတ်စက္ကူစက်ရုံ(အောင်ဆန်း)၏ စက်များလည်ပတ်ထုတ်လုပ်မှုနှင့် ထွက်ရှိလာသော ကုန်ထုတ်စက္ကူများကို ကြည့်ရှုစစ်ဆေးသည်။

စီမံထားရှိ

ဆက်လက်၍ ဝန်ကြီးသည် ရေအိမ်သုံး စက္ကူထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား မီးအန္တရာယ်ကြိုတင်ကာကွယ်ရန် အစီအမံထားရှိရေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း အင်းစိန်စောင်စက်ရုံအမှတ်(၂၀)သို့ ရောက်ရှိပြီး ထုတ်လုပ်မှုလုပ်ငန်းများ၊ စွပ်ကျယ်ရက်လုပ်ခြင်းလုပ်ငန်းနှင့် ခြေအိတ်ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဝန်ကြီးသည် ဖော့ကန်ရှိ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆ ခုနှစ်ကို ပြည်ဖုံးကား ချလိုက်သောအခါ. . . .

စုစည်းတင်ပြသူ- မောင်မောင်မြင့်ဆွေနှင့် မြင့်မောင်စိုး

ယမန်နေ့ကအဆက်

၂၀၀၆ ခုနှစ် ကုန်ဆုံး၍ ၂၀၀၇ ခုနှစ်သို့ ကူးပြောင်းခဲ့ပေပြီ။ တစ်နှစ်တာ ကာလအတွင်း ကမ္ဘာ့သတင်းများ အများအပြားဖြစ်ပေါ်ခဲ့သည်။ ၂၀၀၆ ခုနှစ် ပြည်ဖုံးကားအချတွင် တစ်နှစ်အတွင်း ဖြစ်ပျက်ခဲ့သော စိတ်ဝင်စားဖွယ် ထူးခြားသတင်းအချို့တို့ကို လစဉ်အလိုက်စုစည်းပြီး မြန်မာ့အလင်း နိုင်ငံခြားသတင်း စာတည်းအဖွဲ့က အမှတ်တရ စုစည်းဖော်ပြလိုက်ပါသည်။

ဇူလိုင်။

* တရုတ်သမ္မတဟူကျင်တောင်သည် ဇူလိုင် ၁ရက်က ကမ္ဘာ့အမြင့်ဆုံး မီးရထားလမ်းကြီးကို ဖွင့်လှစ်ပေးခဲ့သည်။ ၎င်းရထားလမ်းသည် တရုတ်နိုင်ငံ ကျင်ဟိုင်းပြည်နယ် ဂိုလ်မွန်းဒေသနှင့် တိဗက်ဒေသ မြို့တော်လာဆာ မြို့အကြား ဆက်သွယ်ထားခြင်းဖြစ်ပြီး မိုင် ၇၀၀ ရှည်လျားသည်။
* တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံအကြားရှိ နယ်စပ်ကုန်သွယ်ရေးလမ်းမ(နသူလာ တောင်ကြားလမ်း)ကို ဇူလိုင် ၆ရက်က ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။
* ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင်၉ရက်က ဂျာမနီနိုင်ငံ ဘာလင်မြို့ အိုလံပီယာ အားကစားကွင်းကြီး၌ ကျင်းပသည်။ ဗိုလ်လုပွဲတွင် အီတလီအသင်းက ပြင်သစ်အသင်းကို ပယ်နယ်တီအဆုံးအဖြတ် ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

၂၀၀၆ ကမ္ဘာ့ဖလားနှင့်အတူ အီတလီအသင်းခေါင်းဆောင် ကင်နာဗာရိုအား ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

* အာကာသယာဉ်မှူး ခုနစ်ဦးလိုက်ပါသွားသော ဒစ္စကာဗာရီ အာကာသလွန်းပြန်သည် ဇူလိုင် ၁၇ ရက်၌ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗာရယ်လ်ရှိ ကနေဒီ အာကာသယာဉ် လွှတ်တင်ရေးစခန်းသို့ ချောမွေ့စွာ ပြန်လည် ဆင်းသက်လာသည်။ ၎င်းဒစ္စကာဗာရီအာကာသယာဉ်ကို ဇူလိုင် ၄ရက်က လွှတ်တင်ခဲ့ခြင်း ဖြစ်သည်။
* အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် ဇူလိုင် ၁၈ရက်က မြေငလျင်လှုပ်ခဲ့မှုကြောင့် ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်ခဲ့သည်။ ထိုဆူနာမီ ရေလှိုင်းရိုက်ခတ်မှုကြောင့် လူ၅၀၀ကျော် သေဆုံးခဲ့ရသည်။
* ဇူလိုင် ၁၂ရက်က အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦးကို ဟစ်ဇ်ဘိုလာ ပြောက်ကျားများက ဖမ်းဆီးသွားရာမှ လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ကို အစ္စရေးတပ်များက လေကြောင်းမှ စတင်ဗုံးကြဲတိုက်ခိုက်သည်။
* အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် စံချိန်တင် လောက်အောင် အပူလှိုင်းကျရောက်မှုကြောင့် ဇူလိုင် ၂၅ရက်က သစ်တောဧက ၁၅၄၀၀ မီးလောင်ကျွမ်းခဲ့သည်။
* ငြိုဟ်တု ၁၈လုံးကို သယ်ဆောင်သွားသော ရုရှားဒုံးပျံတစ်စင်းကို ရုရှားနိုင်ငံ ဘိုင်ကိုနာဒုံးပျံယာဉ် လွှတ်တင်ရေးစခန်းမှ ဇူလိုင် ၂၆ရက်က လွှတ်တင်ခဲ့ရာ လွှတ်တင်ပြီး မကြာမီ ပျက်ကျသွားခဲ့သည်။

ဩဂုတ်။

* ဆော်ဒီအာရေဗျဘုရင်ဖာ့ဒ်သည် ဩဂုတ်၁ရက်၌ နတ်ရွာစံသည်။ ဈာပနအခမ်းအနားကို ဩဂုတ်၂ရက်၌ ဆော်ဒီအာရေဗျနိုင်ငံ မြို့တော် ရီယာဒ့်၌ ကျင်းပရာ အီဂျစ်သမ္မတ မူဘာရက်၊ ပြင်သစ်သမ္မတ ဂျက်ရှီယက်၊ ဂျော်ဒန်ဘုရင် အဗ္ဗဒူလာတို့ အပါအဝင် နိုင်ငံတကာမှ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။ ဆော်ဒီဘုရင်ဖာ့ဒ် နတ်ရွာစံပြီးနောက်နေ့၌ပင် အိမ်ရှေ့မင်းသား အဗ္ဗဒူလာအား ဆော်ဒီဘုရင်အဖြစ် ခန့်အပ်လိုက်သည်။
* အိန္ဒိယနိုင်ငံတွင် ရစ်ရက်ကြာ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့သဖြင့် မြေပြိုမှုနှင့်ရေလွှမ်းမှုတို့ကြောင့် မဟာရပ်ရှတြားပြည်နယ်၊ မတ္တရာပရာဒေ့ရှ် ပြည်နယ်နှင့် မွမ်ဘိုင်းမြို့တို့တွင် လူတစ်ထောင်ခန့် သေဆုံးခဲ့ကြောင်း မော်တော်ယာဉ်အသွားအလာများ ရပ်ဆိုင်းသွားပြီး လျှပ်စစ်ဓာတ်အားများလည်း ပြတ်တောက်ခဲ့ကြောင်း အိန္ဒိယမီဒီယာများက ဩဂုတ် ၄ရက်၌ ဖော်ပြသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဖြစ်လာသည့် ဘန်ကီမွန်း။
(ဓာတ်ပုံ-အင်တာနက်)

* အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံတို့သည် ချူကလီးယား စမ်းသပ်မှုဆိုင်ရာ အရေးပေါ် အခြေအနေများနှင့် ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းနိုင်ကြရန် ဆွေးနွေးပွဲတစ်ရပ်ကို ဩဂုတ် ၅ရက်၌ စတင်ကျင်းပသည်။ ၎င်းဆွေးနွေးပွဲသည် ဒေသအတွင်း နျူကလီးယားဆိုင်ရာ မတော်တဆမှုမဖြစ်ပွားရန်နှင့် ရှောင်ရှားနိုင်ရန်တို့အတွက် ဖြစ်သည်။
* ဂျော်ဒန်နိုင်ငံ ပင်လယ်ဆိပ်ကမ်းဖြစ်သော အက္ကဘာပင်လယ်ဆိပ်ကမ်းတွင် ရပ်နားထားသော အမေရိကန်ရေတပ် စစ်ရေယာဉ်တစ်စီး ဒုံးကျည်ဖြင့် ပစ်ခတ်ခံရသည်။ ပစ်ခတ်မှုမှာ ဩဂုတ် ၁၈ရက်ကဖြစ်ပြီး ပစ်ခတ်ခံရသော သင်္ဘောမှာ ယူအက်စ် အက်စ်အက်ရှ်လန်း အမည်ရှိ သင်္ဘောဖြစ်သည်။
* ဗင်နီဇွဲလားနိုင်ငံ ကာရစ်ဘီယံအနောက်ပိုင်းလေကြောင်း၌ာနပိုင် ခရီးသည်တင်လေယာဉ်တစ်စင်းသည် ခရီးသည် ၁၅၂ ဦးကို တင်ဆောင် ပျံသန်းလာစဉ် ကိုလံဘီယာနှင့် ထိစပ်နေသော ဗင်နီဇွဲလားနိုင်ငံ နယ်စပ်ဒေသတွင် ဩဂုတ် ၁၆ ရက်က ပျက်ကျခဲ့ရာ ခရီးသည်အားလုံး သေဆုံးသွားသည်။

စက်တင်ဘာ။

* ဂျပန်မင်းသမီးကီကိုသည် ဂျပန်နိုင်ငံ တိုကျိုမြို့ဆေးရုံ၌ စက်တင်ဘာ ၅ရက် (အင်္ဂါနေ့) ဒေသစံတော်ချိန် နံနက် ၈နာရီ ၂၇ မိနစ်တွင် သားယောကျ်ားလေးကို မွေးဖွားခဲ့သည်။ ဂျပန်ဘုရင်မိသားစု၏ နှစ်ပေါင်း ၄၀ကျော် ကာလအတွင်း သားယောကျ်ားလေး မမွေးဖွားနိုင်မှုကို အဆုံးသတ်ပြီး ဂျပန်ထီးနန်း ဆက်ခံရေးပြဿနာများလည်း အဆုံးသတ်နိုင်ခဲ့သည်။
* အီရန်နိုင်ငံဖွား အမေရိကန်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသော အနော့ရှန်အန်ဆာရီသည် စက်တင်ဘာ ၁၈ရက်က ရုရှားဆိုယုဇ်အာကာသယာဉ်ဖြင့် အာကာသသို့ ပထမဆုံးသော အမျိုးသမီး အာကာသခရီးသည်အဖြစ် သွားရောက်နိုင်ခဲ့သည်။
* ထိုင်းနိုင်ငံ အိမ်စောင့်အစိုးရလက်ဝယ်မှ အာဏာကို ထိုင်းကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆွန်သီဗွန်ရာရတ်လင်က စက်တင်ဘာ ၁၉ရက် ညပိုင်းတွင် အာဏာသိမ်းယူခဲ့သည်။
* အတ္တလန်တစ် အာကာသလွန်းပြန်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း (အိုင်အက်စ်အက်စ်) ပြင်ဆင်မှုများ ပြုလုပ်ရေးအတွက် ၁၂ရက်ကြာ သွားရောက်ခဲ့ပြီးနောက် ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသယာဉ်စခန်းသို့ စက်တင်ဘာ ၂၁ရက်၌ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

အောက်တိုဘာ။

* ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း၌ အောက်တိုဘာ ၁ရက်မှ စတင်တိုက်ခတ်ခဲ့သော ရှန်ဆန်းမုန်တိုင်းကြောင့် လူ ၅၂ ဦးသေဆုံးပြီး ၅၀၀ကျော် ပျောက်ဆုံးခဲ့သည်။
* အမေရိကန်နိုင်ငံ နယူးယောက်ဒေသ ဝါရင့်အရပ်ရှိ ဂျော့ရေကန်ကြီးအတွင်း အောက်တိုဘာ ၂ရက်က ခရီးသည် ၄၇ဦး လိုက်ပါလာသော အပျော်စီးသင်္ဘောတစ်စီး တိမ်းမှောက်နစ်မြုပ်ခဲ့ရာ သက်ကြီးရွယ်အို ခရီးသည် ၂၀ အသက်ဆုံးရှုံးခဲ့ရသည်။
* တောင်အာရှဒေသ သုံးနိုင်ငံဖြစ်သည့် အာဖဂန်နစ္စတန်၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့၏ နယ်စပ်ချင်းဆုံရာအရပ်တွင် အောက်တိုဘာ ၈ရက်က အင်အားပြင်းထန်သော ငလျင်လှုပ်မှုကြောင့် ပါကစ္စတန်တွင် လူ၂၃၀၀၀ခန့်၊ အိန္ဒိယတွင် လူ ၁၂၀၀ခန့်နှင့် အာဖဂန်နစ္စတန်တွင်လည်း သေဆုံးသူ အများအပြားရှိခဲ့သည်။ လူနေအဆောက်အအုံ ရာပေါင်းများစွာ ပျက်စီးခဲ့သဖြင့် အိုးမဲ့အိမ်မဲ့ဖြစ်သူများစွာ ပေါ်ပေါက်ခဲ့ရသည်။ ငလျင်၏ ပြင်းအားမှာ ရစ်ချ်တာစကေး ၇ဒသမ၆ ရှိပြီး စုစုပေါင်းသေဆုံးသူ ၅၀၀၀၀ ကျော် ရှိခဲ့သည်။
* ကမ္ဘာပေါ်တွင် ဆင်းရဲငတ်မွတ်မှုကြောင့် သေဆုံးရသူ အရေအတွက်မှာ နေ့စဉ် ၂၅၀၀၀ခန့်ရှိနေကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)က အောက်တိုဘာ ၂၀ရက်၌ သတင်းထုတ်ပြန်သည်။ ၂၀၀၆ ခုနှစ်တွင် တစ်ကမ္ဘာလုံး၌ ငတ်မွတ်ခေါင်းပါးမှုကြောင့် သေဆုံးသူ လူပေါင်း ခြောက်သန်းကျော်ရှိမည်ဖြစ်ကြောင်း ဒဗလျူအက်ဖ်ပီသတင်း၌ ဖော်ပြထားသည်။
* ဘရာဇီးသမ္မတ လူဝီအင်နာစီယိုလူးလာဒါဆေးလ်ဗားသည် အောက်တိုဘာ ၂၉ ရက်က ကျင်းပသော ရွေးကောက်ပွဲတွင် ပြန်လည် အရွေးခံခဲ့ရသည်။

နိုဝင်ဘာ။

* ပါကစ္စတန်နိုင်ငံက ဟာတက်ဖ်-၅ အမည်ရှိ တာဝေးပစ်ဒုံးကျည်ကို နိုဝင်ဘာ ၁၆ရက်က အောင်မြင်စွာ ပစ်ခတ်နိုင်ခဲ့သည်။ ယင်းဒုံးကျည်သည် ကီလိုမီတာ ၁၃၀၀ အကွာအဝေးရှိ ပစ်မှတ်ကို ထိမှန်အောင် ပစ်ခတ်နိုင်ခဲ့ကြောင်း ၎င်းစစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။
* အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ ဆေးရုံတစ်ရုံ၌ နိုဝင်ဘာ ၁၈ရက်က ပထမဆုံး ရင်ချင်းဆက်အမြွှာကို အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့သည်။
* နီပေါနိုင်ငံတွင် ၁၉၉၆ ခုနှစ်က ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်သည် နိုဝင်ဘာ ၂၂ရက်တွင် တရားဝင် ပြီးဆုံးခဲ့သည်။ ယင်းနေ့တွင် အစိုးရနှင့် ကွန်မြူနစ်ပါတီ (ယခင်ပြောက်ကျားတပ်ဖွဲ့)တို့ ငြိမ်းချမ်းရေး သဘောတူညီချက်ကို တရားဝင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။
* အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုနှစ်အတွင်း တိုက်ခိုက်မှုများကြောင့် လူပေါင်း ၃၇၀၀ကျော် သေဆုံးခဲ့ကြောင်း နိုဝင်ဘာ ၁၃ရက်တွင် ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြသည်။ ယင်းသေဆုံးမှုသည် လွန်ခဲ့သည့်နှစ်ကထက် လေးဆပိုခဲ့သည်ဟု ဆိုသည်။

ဒီဇင်ဘာ။

* (၁၅)ကြိမ်မြောက် ဒိုဟာ အာရှအားကစားပြိုင်ပွဲကို ကာတာနိုင်ငံ ဒိုဟာမြို့၌ ဒီဇင်ဘာ ၁ရက်မှ ၁၅ရက်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။
* ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ်အဖြစ် ရွေးချယ်ခံထားရသော တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ဘန်ကီမွန်းသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ်အဖြစ် ဒီဇင်ဘာ ၁၄ရက်က ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။
* အာကာသယာဉ်မှူး ခုနစ်ဦး လိုက်ပါသွားသော ဒစ္စကာဗာရီ အာကာသ လွန်းပြန်ယာဉ်သည် ဒီဇင်ဘာ ၉ရက်က အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗာရယ်ရှိ ကနေဒီ အာကာသစခန်းမှ လွှတ်တင်ခဲ့ပြီး ဒီဇင်ဘာ ၂၃ရက်က ကမ္ဘာမြေသို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

ကမ္ဘာ့ပထမဆုံး အမျိုးသမီး အာကာသခရီးသည် အနော့ရှန်အန်ဆာရီနှင့် အာကာသယာဉ်မှူး မိုက်ကယ်လိုပက်ဇ်အလက်ဂရီယာတို့ နှစ်ဦးအား စက်တင်ဘာ ၁၈ရက်က ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနာ အာကာသစခန်း၌ ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

* ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ လာမည့်နှစ် ဇန်နဝါရီ ၁၁ရက်တွင် ၁၅၀မြောက် အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်လိမ့်မည်ဖြစ်ကြောင်း ဂျီနီဗာအခြေစိုက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ဒီဇင်ဘာ ၁၂ရက်၌ ကြေညာလိုက်သည်။
* အင်ဂိုလာနိုင်ငံအား ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)တွင် လက်ခံလိုက်ပြီ ဖြစ်ကြောင်း ဒီဇင်ဘာ ၁၅ရက်၌ အိုပက်အဖွဲ့က ကြေညာသည်။
* အီရတ်ကို အမေရိကန် ကျူးကျော်တိုက်ခိုက်ခဲ့သည့် ၂၀၀၃ ခုနှစ် မတ်လမှစ၍ အီရတ်၌ သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင်အရေအတွက်မှ ဒီဇင်ဘာ ၃၀ရက်အထိ ၂၉၉၈ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။ ။ **(မြန်မာ့အလင်း)**



ဇီဝိတဒါနသံဃာ့ဆေးရုံကြီး

အမှတ်(၃၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၅၄၁၇၉၅၊ ၅၄၅၇၈၂

အလှူရှင်များသို့ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပစ္စည်းလေးပါးဖြင့် စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းခဲ့ကြသော ပြည်တွင်းပြည်ပ အလှူရှင်များအားလုံး ၂၀၀၇ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယတွင် ဘေးအန္တရာယ်အပေါင်းမှကင်းငြိမ်း၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့။

အမြန်ပြန်လာပါ



အထက်ပါဓာတ်ပုံရှင်ဦးအောင်ခင် အသက် (၅၉)နှစ်သည် နေအိမ်မှထွက်သွားပါသည်။ အမြန်ပြန်လာရန်နှင့် တွေ့ရှိကအကြောင်းကြားပေးပါ။ ကျေးဇူး ဆပ်ပါမည်။ မိသားစုများ စိတ်ပူနေသည်။ **ဖုန်း–၀၁–၅၄၇၄၂၅။**



မိတ်ဆုံညစာစားပွဲ

စိန်ဂျွန်း(အထက–၁၊ လမ်းမတော်) ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ပတ်လည် ညစာစားပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၇ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီမှ ၉နာရီအထိ ဆိပ်ကမ်းသာလမ်း နန်းသီတာအဆောက်အအုံရှိ "ဘဲလေးစားသောက်ဆိုင်"တွင် ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ညစာစားပွဲလက်မှတ်များကို ဇန်နဝါရီ ၁ရက်မှ ၅ရက်အထိ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိ အသင်းတိုက် တည်ရှိရာ အမှတ်၃၀၊ ဗဟိုလမ်း၊ လမ်းမတော်မြို့နယ်၌ ရောင်းချမည် ဖြစ်ပါသည်။

အမှုဆောင်အဖွဲ့။

ချစ်သော ဇန်နဝါရီ

ဇန်နဝါရီ ၁ရက် ဖေဖေ ဦးကိုကိုလှိုင် မွေးနေ့
ဇန်နဝါရီ ၁၀ရက် မေမေ ဒေါ်အေးအေးထူး မွေးနေ့
ဇန်နဝါရီ ၁၅ရက် မောင်လေးထူးဝဏ္ဏကိုကို မွေးနေ့

မှသည် အနှစ်၁၂၀တိုင်အောင် ချစ်ဖေဖေ၊ ချစ်မေမေ၊ ချစ်သား၊ ချစ်သမီး၊ တူ/တူမများနှင့် အတူ သာယာပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပြီး သာသနာ့အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

သမီး – ထူးဒါလီကိုကို၊ အေးဝတီကိုကို၊
တူ/တူမ – ခတ်ပွင့်လှိုင်၊ ဖူးပွင့်လှိုင်၊ ပန်းပွင့်လှိုင်၊ အေးဟန်နီကိုကို၊ မင်းသီဟထူး။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်



အထက(သနပ်ပင်) အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၃၁

ပဲခူးတိုင်းသနပ်ပင်မြို့ အထက (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၁၄ ရက် မွန်းတည့်၁၂နာရီတွင် သနပ်ပင်မြို့ အထကတွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ထို့အပြင် ဇန်နဝါရီ၁၃ရက် မတိုင်ခင် အကြံပြုလွှာများ၊ အဆိုပြုလွှာများ၊ သိလိုသည့်အချက်များအား စုံစမ်းမေးမြန်း ပေးပို့လိုပါက ဦးကျော်ညွန့် ဖုန်း–၀၅၂–၄၆၁၇၁၊ ဦးမိုး ဖုန်း–၀၅၂–၄၆၁၇၈၊ ဒေါ်ဝင်းသိန်း ဖုန်း–၀၅၂–၄၆၁၃၉၊ ၄၆၁၄၁၊ ဦးကျော်စိုးမင်း ဖုန်း–၀၅၂–၄၆၀၂၆တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)



အထက ကျုံပျော် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

စတုတ္ထအကြိမ်မြောက် အထက ကျုံပျော် ကျောင်းသားကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၄ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အထကကျုံပျော် အောင်ဆန်းခန်းမ၌ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့် အငြိမ်းစားယူပြီးသွားကြသော ဆရာကြီး ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ၃ရက်(စနေနေ့)နံနက် ၈နာရီအရောက် လှိုင်သာယာ၊ ဒဂုံ–ဧရာ အဝေးပြေးစခန်းရှိ ခေတ်မီကားဂိတ်သို့ ကြွရောက်ကြရန်ဖြစ်သည်။ အလှူငွေထည့်ဝင်လိုသော ကျောင်းသားကျောင်းသူဟောင်းများသည် ဦးအင်းဟော် ဖုန်း–၀၉–၅၁၃၆၅၆၈၊ ဦးမြင့်သောင်း ဖုန်း–၀၁–၅၈၄၅၇၇၊ဗိုလ်ကြီးစိန်သန်း(ငြိမ်း)ဖုန်း–၀၉–၅၁၈၃၃၆၁၊ ဦးလှဦး ဖုန်း–၀၉–၅၂၀၂၇၉၀၊ ဦးသန်းစိုး ဖုန်း–၀၉–၅၁၃၂၂၆၉၊ ဒေါ်ရွှေမိ ဖုန်း–၀၁–၇၀၀၇၅၇၊ ဒေါ်ကြူကြူသင်း ဖုန်း–၀၁–၆၈၀၁၉၅၊ ဒေါက်တာမင်းဆောင်(ပုသိမ်) ဖုန်း–၀၄၂–၂၄၂၉၀၊ ၀၉–၅၂၀၀၂၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အင်ဂျင်နီယာကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

အင်ဂျင်နီယာ(ချည်မျှင်နှင့် အထည်)ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ၁နာရီက ကန်တော်ကြီး မဟာမြိုင်ကျွန်းရှိ Western Park စားသောက်ဆိုင်၌ ကျင်းပရာ ဆရာကြီး ဆရာမကြီးများအား တပည့်ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြကြောင်းသိရသည်။ **(က–ပ)**

ရန်ကုန် ဒီဇင်ဘာ ၃၁

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၇၇) တောရ တပ်ဦးကျောင်းတိုက်၌ (၁၇)ကြိမ်မြောက် ဒုလ္လဘရဟန်းခံပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၄ရက် မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

အောင်ဆန်းမြို့ မိုးကုတ်ရိပ်သာ ဒုလ္လဘရဟန်းခံပွဲနှင့်၁၀ရက်တရားစခန်းပွဲကျင်းပမည်

ဒုလ္လဘရဟန်းအပါး ၄၅၀ နှင့် ယောဂီ ၆၀၀ ခန့်တို့အား ယင်းညတွင် (၁၀၈)ကြိမ်မြောက် ၁၀ရက် တရားစခန်းပွဲ စတင်ကျင်းပမည်ဖြစ်ရာ ပြည်တွင်း/ပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရက ပဋိစ္စသမုပ္ပါဒ် သင်တန်းနှင့်တရားတော်ကို ဟောကြားမည်ဖြစ်ပြီး ဇန်နဝါရီ ၄ရက် မွန်းလွဲ ၂နာရီတွင် သိမ်ဆင်း လောင်းလှူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သတင်းဆောင်းပါး ဝေဝေဆာဆာဖြင့် ဖလားဝါးနယူးစ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၃၁

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ရေကြောင်းပညာတက္ကသိုလ်ကျောင်းသားများ ရှန်ဟိုင်းရေကြောင်းတက္ကသိုလ်သို့ ပညာသင်စေလွှတ်မည်၊ ရန်ကုန်မြို့အတွက် ယခုနှစ်တွင် လျှပ်စစ်မီတာလုံးရေ နှစ်သိန်းချပေးမည်၊ အပေါ်ကားများ ဈေးအတက်ကြမ်းကာ အရောင်းအဝယ်ဖြစ်၊ ရန်ကုန်မြို့ ပတ်ဝန်းကျင်လေထုတွင်းရှိ အဆိပ်အတောက်ဖြစ်နိုင်သည့် ဓာတ်ငွေ့များပမာဏ လေထုသန့်စင်မှုတိုင်းကိရိယာဖြင့် တိုင်းတာပြီ၊ သန်လျက်စွန်း ရေဆိုးသန့်စင်စက်ရုံဖွင့်လှစ် စသည့် ပြည်တွင်းရေးရာ သတင်းများ၊ ၂၀၀၆ သုံးသပ်ချက်များနှင့် အတူ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိနေပြီဖြစ်သည်။

သန့်ရှင်းမျှတစွာ ယှဉ်ပြိုင်ကြပါစို့ Fair Play အားကစားဆောင်းပါးနှင့်အတူ ၂၀၀၆သည် စိန်ခေါ်ခြင်းလည်းခံရ အောင်မြင်မှုလည်းပေးသောနှစ်၊ လာဦးမည့် ဆူနာမီဟောကိန်းကြောင့် အင်ဒိုနီးရှားထိတ်လန့်နေ၊ တောရိုင်းသတ္တဝါ တရားမဲ့ခိုးထုတ်မှု အာဆီယံနိုင်ငံများ စတင်နှိမ်နင်း၊ ပြည်ကြီး ငါးဘီလူးကို ဂျပန်သုတေသီများ အသက်ရှင်လျက် ရုပ်ရှင်ရိုက်နိုင်၊ စီချွမ် လက်ဖက်ရည်ပွဲသဘင် စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၃၁ရက်က မိဘနှစ်ပါးအားအမှူးထား၍ အမှတ် ၁၂၀ မဟာဗန္ဓုလလမ်း (၅၇ လမ်းထောင့်) ပုဇွန်တောင်မြို့နယ်နေ ဦးစန်းမြင့်(မြန်မာနိုင်ငံတော်ဗဟိုဘဏ်–ငြိမ်း)–ဒေါ်စွန်ဒရော၊ သားဦးတင်ရွှေ–ဒေါ်ယဉ်ယဉ်မြင့် (မြန်မာကော်တွန်လိုက်ကာချုပ်လုပ်ငန်း) မိသားစုက မူဆယ်မြို့ မဟာဝန်ကျောင်း ဆုတောင်းပြည့် စုမ့်မိုင်းနီးဘုရားကြီး ဘက်စုံမွမ်းမံပြုပြင်ရေးအတွက် အလှူငွေ ကျပ်ငါးသိန်း လှူဒါန်းစဉ်။ (သတင်းစဉ်)

သဲအင်းဂူ ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် အမှတ်(၅)ရပ်ကွက် အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍဝံသ (မိဂလုံ)ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားတော်များကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ ၁၀ ရက်အထိ အဓိဋ္ဌာန်ခုနစ်ရက် တရားစခန်းဖွင့်လှစ်မည် ဖြစ်သည်။ တရားစခန်းဝင်သူများအား အကျိုးတော်ဆောင်အဖွဲ့မှ အခမဲ့ အာဟာရဒါန ကျွေးမွေးလှူဒါန်းမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဇန်နဝါရီ ၃ ရက် ညနေအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

ဖခင် ဦးသိန်းဟန်–မိခင်ဒေါ်မေခင်၊ မောင်လေး မောင်အောင်ဇော်မြင့်တို့အား ရည်စူး၍ ရန်ကုန်မြို့ သမိုင်း ရန်ကုန်–အင်း စိန် လမ်း၊ အမှတ် (၃၃၉)နေ ရွှေသံလွင် ကဖီး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ကျောင်းတော် ရေ၊ မီး၊ ဆွမ်း ဆေးပစ္စည်းလေးပါး စာအောင်ဆုနှင်းပဒေသာနှင့် စစ်ကိုင်း–ဝါးချက်ကားလမ်းအတွက် အလှူတော်ငွေကျပ် နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဒီဇင်ဘာ၂၃ ရက်က တောင်ငူမြို့ သမိုင်းဝင်ရွှေဆံတော် စေတီတော်မြတ်ကြီး၏ အရှေ့ဘက် မုခ်ဦးရှိ အာရုံခံတန်ဆောင်းကြီးအား ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေ ကျပ် သိန်း၆၀၀ကို မူလအလှူရှင် တောင်ငူမြို့ (၆) လမ်းနေ အစ်မ ဒေါ်အမာနှင့် ဦးစိုးမင်း–ဒေါ်ထွန်းထွန်း(ကြင်ကြင်နေမင်း ဆေးပေါ့လိပ်) မိသားစုတို့က ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုထံ ပေးအပ်လှူဒါန်းစဉ်။ (၃၀၃)

မော်လမြိုင်မြို့ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ နှစ်ထပ်ဓမ္မာရုံသစ်ကြီး ရေစက်ချမင်္ဂလာကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ပရိဝုဏ်အတွင်း တည်ဆောက်ပြီးစီးခဲ့သော သိရီသောဘနာ ဓမ္မသဘာ နှစ်ထပ်ဓမ္မာရုံတော်ကြီး ရေစက်ချ မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၈ နာရီက မော်လမြိုင်မြို့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာရှိ သိရီသောဘနာ ဓမ္မသဘာနှစ်ထပ်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်တွင်း၊ ပြည်ပ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာများ၏ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ ထံမှ

ပရိသတ်တို့က ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် နာယကဆရာတော်များနှင့် သီလရှင်များအား အလှူရှင် ဦးမောင်ငယ်–ဒေါ်မြလွင်(ကျော်အော့ဖ်ဆက်)မိသားစု၊ အလှူရှင်များ စေတနာရှင်များက သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ပြည်တွင်း၊ ပြည်ပ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာများ၏ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသအား အလှူရှင်များက သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

တည်ဆောက်ပြီး နှစ်ထပ်ဓမ္မာရုံတော်သစ်ကြီးကို ကျပ်သိန်းနှစ်ထောင်ကျော် အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေးမြို့နယ် မာန်အောင်သစ်တောကြိုးဝိုင်း ဆိုင်းဘုတ်တင်

ရန်ကုန် ဒီဇင်ဘာ ၃၁

မွန်ပြည်နယ် သစ်တောဦးစီးဌာနနှင့် ရေးမြို့နယ် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ၁၇၀၄၂ဧက အကျယ်အဝန်းရှိ မာန်အောင်သစ်တောကြိုးဝိုင်း ဆိုင်းဘုတ်တင် အခမ်းအနားကိုဒီဇင်ဘာ ၂၂ရက်က ရေး–ထားဝယ်–တနင်္သာရီ ကားလမ်းမဘေး မာန်အောင်ကျေးရွာရှိမိုင်တိုင်(၁၁၃/၀)၌ ကျင်းပရာ **(ယာပုံ)** မွန်ပြည်နယ်သစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးအေးမောင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမိုးကျော်နိုင်၊ မြို့နယ်သစ်တော ဦးစီးဌာနအရာရှိ ဦးလှမောင်နှင့် ဝန်ထမ်းများ၊ မာန်အောင်ကျေးရွာနှင့် ကိုးမိုင်ကျေးရွာတို့မှ ပြည်သူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက ဆိုင်းဘုတ်ကိုဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက သစ်တောကြိုးဝိုင်း၏ အကျိုးအမြတ်ဖြစ်ထွန်းမှုကို လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာန အရာရှိက ကြိုးဝိုင်းသစ်တော ထိန်းသိမ်းပြုစုရေးကိုလည်းကောင်း ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်္ဂလိပ်စာမိသားစု အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်မြို့ရှိ တက္ကသိုလ်များ၏ အင်္ဂလိပ်စာဌာနများမှ အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၄ ရက် (တနင်္ဂနွေ)နေ့ နံနက် ၁၀ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်း

အလှူငွေများကို ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် ရန်ကုန်တက္ကသိုလ်အင်္ဂလိပ်စာဌာန ဖုန်း–၅၀၁၅၄၇၊ မကက်သလင်းသိန်း ဖုန်း–၀၉–၅၀၁၅၁၇၅၊ မအေးမွန်(ခ)Alice ဖုန်း–၀၉–၅၁၁၉၈၅၈၊ ကိုမြတ်သူဝင်း ဖုန်း–၀၉–၅၁၀၃၇၂၅၊ ၂၂၂၉၂၃၊ ဦးအုန်းဝမ် ဖုန်း–၅၂၆၁၇၃၊ ၅၂၆၀၉၆၊ ကိုအာသာ ဖုန်း–၂၀၂၀၄၆၊ ကိုထွန်းလင်း ဖုန်း–၀၉–၅၁၃၄၅၂၅၊ ၂၂၆၄၃၁၊ ကိုဇော်ဝင်း ဖုန်း–၀၉–၅၁၂၈၈၅၉၊ ၆၆၇၇၉၀ နှင့် ကိုအောင်နိုင်မိုး ဖုန်း–၀၉–၅၀၂၀၄၇၈၊ ၅၄၉၆၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ကျောင်းသားကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကိုလည်း ကန်တော်ကြီးဥယျာဉ် Dolphin စားသောက်ဆိုင်တွင် ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၅ နာရီ၌ ကျင်းပမည်ဖြစ်ရာ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြဒါးမှဲ့မှန်ဇာတ်ကား ဆက်လက်ပြသ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဒီဇင်ဘာ ၃၁

ဒါရိုက်တာ မောင်မောင်ဦး (စနိုးပွိုက်)ရိုက်ကူးသည့် **ပြဒါးမှဲ့မှန်** ဇာတ်ကားမှာ သမ္မတ၊ သွင်၊ မင်္ဂလာ အဆင့်မြင့်ရုံနှင့် မဟာမြိုင်ရုံများတွင် ဆက်လက်ပြသနေပြီး ရှေ့ဆောင်ရုံတွင် ဒါရိုက်တာ မောင်ဝဏ္ဏ၏ **လွမ်းအောင်ရယ်တတ်သူ** အောင်ပွဲခံနေဆဲ ဖြစ်သည်။

လွမ်းအောင် ရယ်တတ်သူ ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

နိုင်ငံခြားဇာတ်ကား

နေပြည်တော်ရုံတွင် ရုံဝင်လာသော Miami Vice နိုင်ငံခြားဇာတ်ကားမှာ အမေရိကန်၊ ကိုလံဘီယာ၊ ဟေတီနိုင်ငံများတွင် မူးယစ်ဆေးဝါးရောင်းဝယ်နေသောဂိုဏ်းကိုရဲများက စွန့်စွန့်စားစား ဖော်ထုတ်လိုက်နိုင်ပုံများကို ရိုက်ကူးထားသော အက်ရှင်ဇာတ်ကား ဖြစ်သည်။

ရွှေဂုန်ရုံအပေါ်ထပ်တွင် နာမည်ကြီးမင်းသား ဝီစလီစနိုက်ပါဝင် သရုပ်ဆောင်ထားသော Passenger-57 ဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။ ရွှေဂုန်ရုံ မြေညီထပ်တွင် အချစ်ဟာ ကစားစရာမဟုတ်ပါ အမည်ရ Pyaar Koi Khel Nahin အိန္ဒိယဇာတ်ကားသစ် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် မင်းသား ဆန်နီဒီဝေါလ်၊ အပူးဗားနှင့် မင်းသမီးချော မာဟီးမားချော်ဒါရီတို့ ပါဝင်သရုပ်ဆောင်ထားသည်။

တန်းမြင့် မြို့မရုံတွင် Spymate မျောက်လိမ္မာဇာတ်ကား ဆက်လက်ပြသနေဆဲ ဖြစ်သည်။

ဗီဒီယိုဇာတ်ကား

ဒါရိုက်တာ ချိုတူးဇော်ရိုက်ကူးပြီး လွင်မိုး၊ မင်းထက်ကျော်ဇင်၊ ဆုရွှန်းလဲ့၊ နှင်းဝတ်ရည်သောင်း၊ ဝိုင်းစုခိုင်သိန်း၊ ထွန်းထွန်းဝင်း၊ နွဲ့နွဲ့မူနှင့် အင်ကြင်းခိုင်တို့ ခေါင်းဆောင်ပါဝင်ထားသော **သံသရာ စက်ဝန်းတစ်နေရာရာ** ဇာတ်ကားမှာ နဝဒေးရုံတွင် ယနေ့ရုံဝင်လာသည်။

သံသရာစက်ဝန်း တစ်နေရာရာ ဇာတ်ကားမှာ သမားရိုးကျ အချစ်ဇာတ်လမ်းမဟုတ်ဘဲ သေခြင်းတရား၏ နောက်ကွယ်မှာ ဘာတွေရှိသလဲ၊ သေခြင်းတရားကို ဖြတ်သန်းပြီး သံသရာတွင်းမှာ ဘဝတဏှာဖြင့် ကျင်လည်နေကြသူများနှင့် သံသရာစက်ဝန်းမှ လွတ်မြောက်ရန် ကြိုးစားကြသူများ အကြောင်းကို ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

မင်းမော်ကွန်း၊ ထွန်းထွန်းဝင်း၊ မင်းညီ၊ မေကဗျာ၊ စိုးမိုးကြည်နှင့် ဟန်နီထွန်းတို့ ပါဝင်သရုပ်ဆောင်ထားသော **အင်းသားဘဝ အင်းသားအလှ** ဇာတ်ကား စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။

ဒါရိုက်တာ သိန်းဟန်ရိုက်ကူးပြီး ထွန်းထွန်း၊ ခိုင်သင်းကြည်၊ ချိုပြုံးနှင့် ကင်းကောင်တို့ပါဝင်ထားသည့် **အားလုံးကို ကျော်ဖြတ်ရမယ်** ဇာတ်ကား ရွှေဗဟို၊ ဘုရင့်နောင်နှင့် ရောဝတီရုံတို့တွင် တင်ဆက်လျက်ရှိသည်။

ဘုရင့်ရုံတွင် Koi.....Milgaya ဂြိုဟ်သားမိတ်ဆွေ အိန္ဒိယဇာတ်ကား ပြသလျက်ရှိပြီး ဆုထူးပန်ရုံတွင် MUSAFIR သံသရာခရီးသည် ဇာတ်ကားရုံဝင်လာသည်။ ။

(မြန်မာ့အလင်း)

ပြဒါးမှဲ့မှန်ဇာတ်ကားမှ နိုင်းနိုင်းနှင့် နန္ဒာလှိုင်။

ဝန်ကြီး ဦးအောင်သောင်း ကုန်ထုတ်လုပ်မှုစက်ရုံများစစ်ဆေး ကုန်ပစ္စည်းများ GMP စနစ်နှင့်အညီ တိုးတက်ထုတ်လုပ်သွားရေးမှာကြား

ရန်ကုန် ဒီဇင်ဘာ ၃၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဒီဇင်ဘာ၂၉ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဒဂုံအချိုရည်နှင့် ရေခဲစက်သို့ရောက်ရှိပြီး ရေသန့်ထုတ်လုပ်မှု၊ သောက်ရေသန့်ဘူးခွံ ပိုးသတ်ခြင်းလုပ်ငန်း၊ ရေသန့်ဘူးခွံ ထုတ်လုပ်မှုလုပ်ငန်းနှင့် ထုတ်လုပ်ပြီး ရေသန့်ဘူးများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက GMP စနစ်နှင့်အညီ တိုးတက်ထုတ်လုပ်သွားရေး မှာကြားသည်။



ကြည့်ရှုစစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း လှိုင်မြို့နယ် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံ အမှတ်(၁)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် အချိုရည်သံဘူးထုတ်လုပ်မှုနှင့် ထုပ်ပိုးမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် လမ်းမတော်မြို့နယ် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဒိုင်းမွန်းအချိုရည်နှင့် ရေခဲစက်ရုံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်ပြီး အချိုရည်ကတ်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် အလုံမြို့နယ် မြန်မာ့စားသောက်ကုန်လုပ်ငန်း အလုံအချိုရည်နှင့် ရေခဲစက်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းမှတစ်ဆင့် ဝန်ကြီးသည် လှိုင်မြို့နယ် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံအမှတ်(၁)သို့ရောက်ရှိပြီး စက်ရုံထုတ်ဆပ်ပြာများ၊ ကုန်ကြမ်းပစ္စည်းများ၊ ရွှေဝါဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ဆန်းရှိုင်းဆပ်ပြာနှင့် မွှေးဆပ်ပြာထုတ်လုပ်မှုလုပ်ငန်းများ၊ ဆပ်ပြာထုပ်ပိုးမှုလုပ်ငန်းများ၊ သိုလှောင်ရုံအတွင်း သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ ***စာမျက်နှာ ၁၁ ကော်လံ ၆*** ❐

လွတ်လပ်ရေးနေ့ အလံတင်နှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပစဉ် လမ်းခေတ္တပိတ်မည်

ရန်ကုန် ဒီဇင်ဘာ ၃၁

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၄ရက် နံနက် ၄နာရီမှ ၉နာရီအထိ ပြည်သူ့ရင်ပြင်၌ ကျင်းပစဉ်ကာလအတွင်း ပြည်သူ့ရင်ပြင်ရှေ့ အလုံလမ်းနှင့် ရှင်စောပုလမ်းအကြား ပြည်လမ်းမကြီးကို ခေတ္တပိတ်ထားမည်ဖြစ်၍ ခရီးသွားပြည်သူများအနေဖြင့် ဖော်ပြပါအချိန်အတွင်း အခြားလမ်းကြောင်းမှ ရှောင်ကွင်းမောင်းနှင်နိုင်ရန် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အသိပေးထုတ်ပြန်ထားသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်အချောထည်စက်ရုံများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၃၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဒီဇင်ဘာ ၂၈ရက် မွန်းလွဲပိုင်းက အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်းရုံးချုပ် တင်ဒါခန်းမ၌ မြန်မာ့သစ်လုပ်ငန်းအောက်ရှိ အရာထမ်းများအားတွေ့ဆုံပြီး သစ်တောရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ လာဘ်ပေးလာဘ်ယူမှုများပပျောက်ရေး၊ သစ်ခိုးထုတ်မှုများ ဝိုင်းဝန်းကာကွယ်ရေး မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် ဒီဇင်ဘာ ၂၉ရက် နံနက်ပိုင်းတွင် မြန်မာ့သစ်လုပ်ငန်းရုံးချုပ် တင်ဒါခန်းမ၌ သစ်အခြေခံစက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး သစ်တောရေးရာဝန်ကြီးဌာနက သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကူညီသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များက ပြည်ပတိုးချဲ့တင်ပို့နိုင်ရေး၊ ကိုယ်ပိုင်စီးပွားရေးစိုက်ခင်းများ ထူထောင်ရေးကိစ္စများ မှာကြားရာ လုပ်ငန်းရှင်များက တွေ့ကြုံနေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ***စာမျက်နှာ ၁၁ ကော်လံ ၁*** ●

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်မြို့နယ် ကမ္ဘောဇလှိုင် သစ်အချောထည်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး